မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လဆန်း ၄ရက်၊ ၂၀၁၀ ခုနှစ်၊ မေ ၁၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၂၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးနှင့်
ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ညီညွတ်မျှတ ဖွံ့ဖြိုးတိုးတက်စေရေး

မင်းဘူး-အမ်း-စစ်တွေရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏
ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်း ဖောက်လုပ်ဖွင့်လှစ်

နေပြည်တော် မေ ၁၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော် ဖောက်လုပ်ပြီးစီးသွားသည့် မင်းဘူး-အမ်း-စစ်တွေရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၆နာရီ ၄၅မိနစ်တွင် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ရှိ ပုဏ္ဏားကျွန်းဘူတာသစ်ယာဒ်ဝင်း မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်ပြီး အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ *စာမျက်နှာ ၈ ကော်လံ ၁* ✱

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်းတွင် စတင်ပြေးဆွဲမည့် အထူးရထားဖြင့် လိုက်ပါမည့်ခရီးသည်များအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။ (သတင်းစဉ်)

ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်းသစ်တွင် ရထားစတင်ပြေးဆွဲစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မေ ၁၆ ရက်)

အပူချိန်လွန်ကဲမှုနှင့်ပတ်သက်၍ ဆောင်ရန်ရှောင်ရန်များ ဂရုပြုလိုက်နာကျင့်ကြံသင့်

မြန်မာနိုင်ငံတွင် လူတိုင်း သက်တမ်းစေ့ သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရေးနှင့် လူတိုင်းရောဂါကင်းရှင်းရေးဟူသော ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

ယခုအခါ ရာသီဥတုအပူချိန်လွန်ကဲမှုကြောင့် အများပြည်သူများ ကျန်းမာရေးကို ဂရုစိုက်ရန်၊ နွေရာသီ၏ အပူဒဏ်ကို ကာကွယ်ရန် ကျန်းမာရေးနှင့် ညီညွတ်စွာ ပြုမူကျင့်ကြံ နေထိုင်သွားကြရမည်ဖြစ်သည်။

အပူဒဏ်ကြောင့် မလိုလားအပ်သော ဆိုးကျိုးများ မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်မှုများကို ပြုလုပ်ကြရမည်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနက အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်များ ထုတ်ပြန်သတိပေးလျက်ရှိရာ ပြည်သူများအနေဖြင့် အထူးဂရုပြု လိုက်နာဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ နွေ၏ အပူဒဏ်လွန်ကဲမှုကြောင့် ကျန်းမာရေးထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိရာ အပူချိန်မြင့်သည့်နေရာများတွင် အလုပ်လုပ်သူများ သွားလာနေထိုင်မှု အမူအကျင့်များကို အလေးထား ပြုမူကြရမည်ဖြစ်သည်။

သတိရှိရှိဖြင့် သွားလာနေထိုင်ခြင်းမပြုပါက အပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားမှုကြောင့် မိတ်ဖုနှင့်ယားနာများ ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသောအခြေအနေအထိ ဖြစ်ပေါ်တတ်ပေသည်။

အပူချိန်လွန်ကဲနေသည့်ကာလတွင် သွေးတိုးစေမည့် အစားအစာများကို သတိပြုရှောင်ကြဉ်ကြရန်လိုအပ်ပြီး အထူးသဖြင့် ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများကို မိသားစုများက ပိုမိုဂရုတစိုက် ပြုစုစောင့်ရှောက်ကြရမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်များထုတ်ပြန်၍ နေ့စဉ် သတိပေးနှိုးဆော်လျက်ရှိရာ ပြည်သူများအနေဖြင့် အလေးထား လိုက်နာသွားကြမည်ဆိုပါက မလိုလားအပ်သော အသက်ဆုံးရှုံးမှုများကို တားဆီးကာကွယ်နိုင်မည်ဖြစ်၍ ကျန်းမာရေးအသိဖြင့် ပြုမူကျင့်ကြံနေထိုင်သွားကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✽ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✽ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✽ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✽ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတကာသတင်းများ

တူရကီ၏ ပထမဆုံးနျူကလီးယားစက်ရုံ ရုရှား တည်ဆောက်သွားမည်

အန်ကာရာ မေ ၁၅

တူရကီနိုင်ငံ၌ ပထမဆုံးနျူကလီးယားစက်ရုံကို ရုရှားအစိုးရက အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ရင်းနှီးမြှုပ်နှံတည်ဆောက်ရန် ရုရှားသမ္မတနှင့် တူရကီဝန်ကြီးချုပ်တို့ သဘောတူစာချုပ် လက်မှတ်ရေးထိုးကြကြောင်း ပြည်နယ်မီဒီယာများက မေ ၁၄ရက်၌ သတင်းထုတ်ပြန်သည်။ ၄င်းနှစ်နိုင်ငံ အစိုးရများအကြား တစ်နှစ်ကျော်ကြာ တွေ့ဆုံဆွေးနွေးပြီးနောက် ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်နှင့် တူရကီဝန်ကြီးချုပ် အာဒိုဂန်တို့ မေ ၁၂ရက်တွင် အန်ကာရာမြို့၌ အဆိုပါကိစ္စရပ်အတွက် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ တူရကီနိုင်ငံ ပင်လယ်နက်ကမ်းရိုးတန်း၌ တည်ဆောက်မည့် မဂ္ဂါဝပ် ၄၈၀၀ရှိ အဆိုပါ နျူကလီးယားစက်ရုံကို ရုရှားနိုင်ငံပိုင် ရိုစတွန်ကုမ္ပဏီက တာဝန်ယူတည်ဆောက်ပေးမည်ဖြစ်ကြောင်း ရုရှားနိုင်ငံမှ နျူကလီးယားအကြီးအကဲ ဆာဂျီကီရင်ကိုက ပြောကြားသည်။ အလားတူ တရုတ်၊ အိန္ဒိယနှင့် အီရန်နိုင်ငံတို့တွင် နျူကလီးယားစက်ရုံကို ရုရှားနိုင်ငံက တာဝန်ယူတည်ဆောက်လျက်ရှိသည်။ **(အင်တာနက်)**

အီရန်နှင့်ကွန်ဂို ဆက်ဆံရေးမူဝါဒသစ် အနာဂတ်၌ တိုးချဲ့လုပ်ကိုင်သွားဖွယ်ရှိ

တီဟီရန် မေ ၁၅

အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံက အာဖရိကဒေသနှင့် ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးမူဝါဒသစ်ကို ဦးစားပေးဖော်ဆောင်လျက်ရှိရာ ယင်းမူဝါဒနှင့်အညီ အီရန်က ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဆက်ဆံရေးကို တိုးချဲ့သွားမည်ဖြစ်ကြောင်း အင်တာနက်သတင်းတွင် မေ ၁၄ရက်က ဖော်ပြသည်။

ကျင်းပ

အာဖရိကဒေသရှိ နိုင်ငံများနှင့် ဆက်ဆံရေးမဟာဗျူဟာသစ်တွင် နိုင်ငံရေးနှင့် ဆက်ဆံရေး ပေါင်းစည်းထားခြင်းဖြစ်သည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး မော့တာကီက ကွန်ဂိုနိုင်ငံခြားရေးဝန်ကြီး မွမ်ဘာနှင့် တီဟီရန်မြို့၌ ကျင်းပသည့် ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

မြန်ဆန်ချောမွေ့

ကွန်ဂိုနိုင်ငံနှင့် ပူးတွဲ စီးပွားရေးကော်မရှင်ထူထောင်သည့် အလားအလာကြောင့် စိုက်ပျိုးရေး၊ သတ္တုတူးဖော်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးစမ်းထုတ်လုပ်ရေး၊ ဆောက်လုပ်ရေး၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစသည့် လုပ်ငန်းများတွင် မြန်ဆန်ချောမွေ့လာနိုင်ပြီး အနာဂတ်ကာလတွင် တိုးချဲ့လုပ်ကိုင်နိုင်မည်ဖြစ်သည်ဟု မော့တာကီက ပြောကြားသည်။ **(အင်တာနက်)**

စင်ကာပူ-ဖိလစ်ပိုင် လေကြောင်း ခရီးစဉ် တိုးချဲ့ပျံသန်းရေး သဘောတူ

စင်ကာပူ မေ ၁၅

စင်ကာပူနှင့်ဖိလစ်ပိုင် နှစ်နိုင်ငံလေကြောင်းပို့ဆောင်ရေးလုပ်ငန်း တိုးချဲ့ပျံသန်းရန် သဘောတူကြောင်း မေ ၁၄ ရက်တွင် စင်ကာပူနိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ကြေညာသည်။

ယင်းလေကြောင်းဆိုင်ရာ တိုးချဲ့ပျံသန်းရေး သဘောတူညီချက်အရ စင်ကာပူလေကြောင်းကုမ္ပဏီများသည် မနီလာမြို့သို့ အသွားအပြန်နောက်ထပ် လေကြောင်းခရီးစဉ်များကို တစ်ပတ်လျှင် ၁၄ကြိမ်အထိ တိုးမြှင့်နိုင်မည်ဖြစ်သည်။

အလားတူ ဖိလစ်ပိုင်နိုင်ငံရှိ အခြားသောမြို့များသို့လည်း အသွားအပြန် လေကြောင်းခရီးစဉ်များကို တိုးချဲ့ပျံသန်းမည်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

မြင့်တက်

၂၀၀၉ ခုနှစ်အတွင်း ကမ္ဘာ့စီးပွားရေး အကျပ်အတည်းများကြောင့် လေကြောင်းလုပ်ငန်းများ၌ အခက်အခဲများနှင့် ကြုံတွေ့နေရသည့်ကြားမှပင် စင်ကာပူနှင့် ဖိလစ်ပိုင် လေကြောင်းခရီးသွားလာမှု ၁၀ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ***အမ်အင်န်အေ/ဆင်ဟွာ***

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည် မေ ၄ရက်က သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် စပယ်လမ်းတံတားကြမ်းခင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၅-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **အနှိုင်းမဲ့သော အနန္တကျေးဇူးရှင်ကြီးများ** တရားတော် (ဘဒ္ဒန္တကုဏ္ဍာဂုမာဘိဝံသ) (ထူးကြီးဆရာတော်)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (A-21 Beauty Soap Brand Ambassador ခန့်အပ်ပွဲအခမ်းအနား)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၂)
- ၈:၃၀ Sports World (Sunday Special)
- ၈:၅၅ ဗောဓိငြိမ်ပင်ရိပ်နန်းက အရှုံးမရှိဆုလာဘ်ပြည့်
- ၉:၀၅ ပြိုးပျော်ဆင်နွဲ…ဂါရဝပွဲ (၁၉၇၃-၈၇ စစ်တွေကောလိပ် အာစရိယပူဇော်ပွဲ)
- ၉:၂၀ Activities in the City (ဟက်ကက်ရဲ့ဂိမ်းကစားပွဲ တေးစီးရီး မိတ်ဆက်အခမ်းအနား)
- ၉:၄၅ စီးဆင်းပါစေမေတ္တာရည် မေကဗျာ၊ ဖူးဖူး
- ၁၀:၃၀ သွက်လက်လှမ်းချီ စက်မှုကုန်တိုက်ဆီ
- ၁၀:၅၀ တောင်တန်းပေါ်က စိန်တလုံး
- ၁၁:၀၀ Bangkok International Fashion Fair & Bangkok International Leather Fair 2010 (Myanmar Show)
- ၁၁:၄၀ နှလုံးသားဖြင့်မြင်နိုင်စွမ်းသူတို့၏ Physiotheraphy Clinic
- ၁၂:၀၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ် တေးအရသာ (ဂီတရိပ်သာ-၁၆)
- ၁၂:၂၀ ဖော်ရွေပျူငှာနွေးထွေးမှုများနှင့် Firendship Hotel
- ၁၂:၄၀ Sunday Talk မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)
- ၁:၀၀ **အနှိုင်းမဲ့သော အနန္တကျေးဇူးရှင်ကြီးများ** တရားတော် (ဘဒ္ဒန္တကုဏ္ဍာဂုမာဘိဝံသ) (ထူးကြီးဆရာတော်)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (ကိုယ့်ယောက်ျားကို ယုံတာကောင်းတယ်၊ ကိုယ့်ယောက်ျားကို မယုံတာကောင်းတယ်)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၂)
- ၄:၂၀ Activities in the City (ဟက်ကက်ရဲ့ဂိမ်းကစားပွဲ တေးစီးရီး မိတ်ဆက်အခမ်းအနား)
- ၄:၄၀ ပြိုးပျော်ဆင်နွဲ…ဂါရဝပွဲ (၁၉၇၃-၈၇ စစ်တွေကောလိပ် အာစရိယပူဇော်ပွဲ)
- ၅:၀၅ ဗောဓိငြိမ်ပင်ရိပ်နန်းက အရှုံးမရှိဆုလာဘ်ပြည့်
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Milestones of Contemporary Music Selection
- ၆:၄၀ ရန်ကုန်မြင်ကွင်းကျယ် (A-21 Beauty Soap Brand Ambassador ခန့်အပ်ပွဲ အခမ်းအနား)
- ၆:၅၅ Bangkok International Fashion Fair & Bangkok International Leather Fair 2010 (Myanmar Show)
- ၇:၂၅ FMF Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း (ကိုယ့်ယောက်ျားကို ယုံတာကောင်းတယ်၊ ကိုယ့်ယောက်ျားကို မယုံတာကောင်းတယ်)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၁၁၂)
- ၁၀:၀၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၆)
- ၁၀:၁၅ ဗီဒီယိုပြခန်း
- ၁၀:၃၅ ဖော်ရွေပျူငှာနွေးထွေးမှုများနှင့် Firendship Hotel
- ၁၀:၄၅ Milestones of Contemporary Music Selection
- ၁၁:၀၀ အလှူဆင်ပူဇော် ဘုရားမီးရောင်ခြည်တော်
- ၁၁:၃၀ သွက်လက်လှမ်းချီ စက်မှုကုန်တိုက်ဆီ
- ၁၁:၅၀ မြန်မာ့လက်မှုအနုလက်ရာစုံစွာ…
- ၁၂:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၁၆-၅-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်သီချင်း
- ၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁:၃၀ ၄။ ကာတွန်းအစီအစဉ် **အမြွှာစုံထောက်** အပိုင်း(၄)
- ၁၁:၂၅ ၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တမ်းတနေ့စွဲ**
- ၁၂:၃၀ ၆။ ကျန်းမာသုတ
- ၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၃၅)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄:၄၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
- ၄:၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၄:၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၀။ ဘဝကြေးမုံ **အမျှော်** မင်းရာဇာ၊ ခိုင်နှင်းဝေ ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)
- ၆:၅၀ ၁၁။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း -၂၈)
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ နိုင်ငံတကာသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ကျန်းမာသုတ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘာသည်းတွင်မည့် ချင်သူရဲ့ကောင်း** (အပိုင်း-၂၀)
- ၂၁။ **နှစ်ခေတ်ပြိုင်ချစ်သူ** (အပိုင်း-၂၇)

၂၀၁၀ ခုနှစ် ရွေးကောက်ပွဲပျက်ပြားစေရန် ပြည်တွင်းပြည်ပမှ အဖျက်သမားများက ဆောင်ရွက်လျက်ရှိ ရွေးကောက်ပွဲအောင်မြင်ရေး အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခြေခံကောင်းများ ဆောင်ရွက်ပေးထား အခြေခံကောင်းများကို အကျိုးရှိစွာအသုံးချပြီး စီးပွားရေးတိုးတက်အောင် ကိုယ်တိုင်ကြိုးစားလုပ်ကိုင်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် စစ်တွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဆတ်ရိုးကျချောင်းပိတ်ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၅

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် မေ ၁၄ရက် နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ဧရာဝတီတိုင်း ပုသိမ်မြို့သို့ ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ပုသိမ်မြို့နယ်တွင်ကျင်းပသည့် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီးနောက် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ နံနက် ၁၁နာရီခွဲတွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိသည်။

ကြိုဆို

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက စစ်တွေလေဆိပ်တွင် ကြိုဆိုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ ဗန္ဓုလရိပ်သာခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

လက်တွေ့ခံစား

အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ ရခိုင်ပြည်နယ်သည် ယခင်က သောင်းကျန်းမှုဒဏ်ကိုခံခဲ့ရ၍ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသော်လည်း ယခုအခါ တည်ငြိမ်အေးချမ်းမှုရှိနေသဖြင့် နိုင်ငံတော်အစိုးရက ပြည်နယ်၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးထားခဲ့ခြင်းကြောင့် ယင်းတည်ငြိမ်အေးချမ်းမှု၏ အကျိုးရလဒ်ကောင်းများကို လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း။

ယခုရရှိထားသည့် တည်ငြိမ်အေးချမ်းမှုကို သားစဉ်မြေးဆက် ထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း။

တည်ငြိမ်အေးချမ်းမှု ရှိပြီးဖြစ်သော်လည်း တရားဥပဒေစိုးမိုးရေးကို အုပ်ချုပ်ရေး တာဝန်ရှိသူများသည် တရားရေးဝန်ထမ်းများ၊ ဥပဒေဝန်ထမ်းများနှင့် ပြည်သူတို့ ပူးပေါင်းပြီး စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မျက်ခြည်မပြတ်

ရခိုင်ပြည်နယ်သည် ဆန်စပါး၊ သား၊ ငါးနှင့် ဆားထုတ်လုပ်မှု ပိုလျှံသော ဒေသဖြစ်၍ အဆိုပါကုန်များကို အခြားပြည်နယ်၊ တိုင်းများနှင့် ပြည်ပသို့ တင်ပို့နိုင်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲက မျက်ခြည်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အဆိုပါလမ်းများ ရာသီမရွေး ချောမွေ့စွာသွားလာနိုင်အောင် တာဝန်ရှိသူများက အမြဲမပြတ် စစ်ဆေးပြီး ပျက်စီးမှုရှိက အမြန်ဆုံးပြုပြင်ရန်နှင့် ပြည်သူများကလည်း ပျက်စီးမှုမရှိရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်ကို မော်တော်ကားလမ်းဆက်သွယ်ကောင်းမွန်ရေးဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ သံတွဲ၊ ကျောက်ဖြူ၊ စစ်တွေ လေယာဉ်ကွင်းများကို အဆင့်မြှင့်တင်ပြုပြင်ပေးခြင်းနှင့် ရထားလမ်းများ တိုးမြှင့်ဖောက်လုပ်ပေးလျက်ရှိရာ ပြည်တော်သာ-စစ်တွေ- ရေချမ်းပြင် ရထားလမ်းအပိုင်းကိုဖွင့်လှစ်ပေးခဲ့ပြီး ယခု ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းအပိုင်းကိုလည်း ဆက်လက်ဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်ကြောင်း။

ကိုယ်တိုင်ကြိုးစား

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးအခြေခံကောင်းများ စီမံဆောင်ရွက်ပေးထားပြီဖြစ်၍ ယင်းအခြေခံကောင်းများကို အကျိုးရှိစွာ အသုံးချပြီး လူတစ်ဦးချင်း၏ စီးပွားရေးတိုးတက်အောင် ကိုယ်တိုင်ကြိုးစားကြရမည် ဖြစ်ကြောင်း။

၂၀၁၀ ခုနှစ်တွင် ရွေးကောက်ပွဲပြုလုပ်နိုင်ရေးအတွက် လိုအပ်သည့်ဥပဒေများနှင့် နည်းဥပဒေများကို ထုတ်ပြန်ပေးပြီးဖြစ်သကဲ့သို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုလည်း ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပါတီများတည်ထောင်ခြင်း၊ မှတ်ပုံတင်ခြင်းဆိုင်ရာတို့ကို ဥပဒေများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပူးပေါင်းဆောင်ရွက်

ရွေးကောက်ပွဲ ပျက်ပြားစေရန် ပြည်တွင်းပြည်ပမှ အဖျက်သမားများက ဆောင်ရွက်လျက်ရှိသဖြင့် ရွေးကောက်ပွဲအောင်မြင်ရေးကို အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ရာသီဥတု

ယခုအခါ ကမ္ဘာ့ရာသီဥတုပူပြင်းမှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်နေကြရာ မိမိတို့နိုင်ငံတွင်လည်း ၂၀၀၈ ခုနှစ် မေလက နာဂစ်မုန်တိုင်းဒဏ်ကို ခံခဲ့ရသဖြင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ အချို့မြို့နယ်များတွင် မုန်တိုင်းဒဏ်ကြောင့် သေကျေ၊ ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော်လည်း နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် မုန်တိုင်းသင့်ပြည်သူများ ယခင်က ထက်သာလွန်ကောင်းမွန်သည့် အခြေအနေကို ပြန်လည်ထူထောင် တည်ဆောက်ပေးနိုင်ခဲ့ကြောင်း။

နောင်သဘာဝဘေးနှင့်တွေ့ကြုံရပါက ဆုံးရှုံးမှုများမဖြစ်ပေါ်စေရအောင် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ပင်လယ်နှင့်နီးစပ်သည့်ဒေသများ၌ အသက်ကယ်ခိုအောင်းနိုင်သည့် Cyclone Shelter များ ဆောက်လုပ်ပေးသကဲ့သို့ လွယ်ကူစွာ ရွှေ့ပြောင်းသွားလာနိုင်သည့် လမ်းကွန်ရက် ၁၀ လမ်းကိုလည်း ဖောက်လုပ်ပေးထားကြောင်း။

ကြိုတင်ပြင်ဆင်

ရခိုင်ပြည်နယ်သည် ပင်လယ်နှင့် ထိစပ်သော ဒေသဖြစ်သော်လည်း တောင်ကုန်း၊ တောင်တန်းများရှိကြောင်း၊ ယင်းသဘာဝအမွေခံကောင်းများကို အကျိုးရှိစွာ အသုံးချပြီး သဘာဝဘေးအန္တရာယ်နှင့် ကြုံသည့်အခါ ဆုံးရှုံးမှုမရှိစေရအောင် ကြိုတင်ပြင်ဆင်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ပြုလုပ်ထားကြရန်လိုအပ်ကြောင်း။

ကမ္ဘာကြီးပူနွေးမှုသည် တဖြည်းဖြည်း မြင့်တက်လာခဲ့သဖြင့် မိုးနည်းပါးခြင်း၊ ရေအခက်အခဲများနှင့် ကြုံတွေ့ခြင်းများ ရှိနေကြောင်း။

သို့ဖြစ်၍ မိမိတို့နယ်မြေဒေသများတွင် သောက်သုံးရေအခက်အခဲမရှိရေးအတွက် လတ်တလောအခြေအနေကို စီမံဆောင်ရွက်ခြင်းနှင့် ရေရှည်ဆောင်ရွက်ခြင်းတို့ဖြင့် စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထပ်မံတူးဖော်

လတ်တလောအနေဖြင့် ရေခက်ခဲသည့်နေရာများတွင် စက်ရေတွင်းတူးခြင်း၊ ရေရရှိနိုင်သည့်နေရာမှ ရေသယ်ယူ၍ ဖြန့်ဝေပေးခြင်းတို့ကို စီမံဆောင်ရွက်ရန်နှင့် ရေရှည်ဆောင်ရွက်ရမည့် နည်းလမ်းအနေဖြင့် လက်ရှိရေကန်များကို ပြန်လည်ပြုပြင်တူးဖော်ခြင်း၊ ထပ်မံလိုအပ်သည့် ရေကန်များတူးဖော်ခြင်း၊ မိုးရေကို အိမ်ထောင်စုတိုင်း နှစ်လုံးပေါက် သိုလှောင်ထားနိုင်ရေး ဆောင်ရွက်ခြင်း၊ စာသင်ကျောင်း၊ ဆေးရုံနှင့် ဌာနဆိုင်ရာရုံးများတွင် မိုးရေကို သိုလှောင်နိုင်သည့် ဂါလန်သုံးသောင်းဆံ့ အုတ်ရေကန်များစီမံဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ကြရမည်ဖြစ်ကြောင်း။

အပူဒဏ်ကြောင့်ဆုံးရှုံးမှုများမဖြစ်စေရအောင် ကျန်းမာရေးဝန်ကြီးဌာနမှ နှိုးဆော်ထားသည့် အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက်များကို လူတိုင်းသိရှိလိုက်နာ ဆောင်ရွက်ရေးအတွက် ရပ်ကွက်အလိုက်၊ မြို့အလိုက် သတိပေးနှိုးဆော်ခြင်း၊ ပညာပေး စည်းရုံးခြင်းတို့ကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဆတ်ရိုးကျ ချောင်းပိတ်ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ရေလှောင်တမံတည်ဆောက်နေမှုကို ရှင်းလင်းတင်ပြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည်က ဆတ်ရိုးကျချောင်းပိတ်ရေလှောင်တမံမှ တိုက်ရိုက်ရေတွန်းပို့ပြီး မြို့ပေါ် ရပ်ကွက်(၇)ရပ်ကွက်သို့ ရေပေးဝေခြင်းလုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်ကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က တာဝန်ရှိသူများအနေဖြင့် ရေဖူလုံစွာ ရရှိရေးအတွက် နည်းလမ်းများရှာကြံပြီး ဆောင်ရွက်ပေးလျက်ရှိရာ ရေဖြန့်ဖြူးမှုတွင် အလေအလွင့်မရှိစေရေးအတွက် ရေပိုက်များကို စစ်ဆေးရန်နှင့် ရေသုံးစွဲသူများ စနစ်တကျရှိရေး အမြဲမပြတ် ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

သိုလှောင်နိုင်

ဆတ်ရိုးကျ ချောင်းပိတ်ရေလှောင်တမံမှာ စစ်တွေမြို့၏ မြောက်ဘက်လေးဖာလုံခန့်အကွာ ဆတ်ရိုးကျချောင်း၏ လက်တက်ကန်ပိုင်ချောင်းကို ပိတ်ဆို့ဆည်ဖို့၍ တည်ဆောက်လျက်ရှိသည့် ရေလှောင်တမံဖြစ်သည်။ ရေလှောင်တမံမှာ ဧရိယာ ဧက ၁၃၀ကျယ်ဝန်းပြီး ရေဂါလန် သန်း ၃၅၀ သိုလှောင်နိုင်မည်ဖြစ်သည်။

ယခုအခါ ပထမအဆင့်အနေဖြင့် ရေဂါလန် သန်း ၁၃၀ သိုလှောင်နိုင်မည့် ဧက ၅၀အကျယ် ရေလှောင်ကန်ကို တည်ဆောက်လျက်ရှိသည်။

မှာကြား

နိုင်ငံတော်ဝန်ကြီးချုပ်သည် ထိုမှတစ်ဆင့် စစ်တွေမြို့ ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နေသည့် ကန်တော်ကြီးသို့ ရောက်ရှိပြီး ကန်တော်ကြီးနှင့် တိုးချဲ့ကန်တို့တွင် ရေသိုလှောင်ထားနိုင်မှုနှင့်

စာမျက်နှာ ၄ ကော်လံ ၁

အပူဒဏ်ကြောင့် ဆုံးရှုံးမှုများ မဖြစ်စေရအောင် ကျန်းမာရေးဝန်ကြီးဌာနမှ နှိုးဆော်ထားသည့် အပူဒဏ် ကာကွယ်ရေး နှိုးဆော်ချက်များကို လူတိုင်းသိရှိလိုက်နာ ဆောင်ရွက်ရေးအတွက် ရပ်ကွက်အလိုက်၊ မြို့အလိုက် သတိပေးနှိုးဆော်ခြင်း၊ ပညာပေး စည်းရုံးခြင်းတို့ကို ဆောင်ရွက်သွားကြရမည်ဖြစ်။

စာမျက်နှာ ၃ မှ

ရေပေးဝေနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် စစ်တွေမြို့ ဖွံ့ဖြိုးစည်ပင်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး ရှခင်းသာသို့ ရောက်ရှိကာ ပင်လယ်ပြင်ရေကြောင်း အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ယနေ့ နံနက်ပိုင်းတွင် ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီးနောက် ပုဏ္ဏားကျွန်းမြို့အနီးရှိ ပုဏ္ဏားကျွန်း-ရသေ့တောင် လမ်းဖောက်လုပ်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးခင်မောင်မြင့်က ပုဏ္ဏားကျွန်း - ရသေ့တောင်လမ်း ၂၂မိုင် ၆ ဖာလုံကို ၂၀၀၉ခုနှစ် နိုဝင်ဘာလမှ စတင်ဖောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း၌ ပေါက်တော-မင်းပြားလမ်း ၂၀မိုင် ၆ဖာလုံ၊ မြေပုံ-မင်းပြားလမ်း ၂၄မိုင် ၇ဖာလုံနှင့် ကျောက်တော်-ပလက်ဝလမ်း ၃၃မိုင် ၅ဖာလုံတို့ ဖောက်လုပ်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း စီမံဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စစ်တွေမြို့ရှိ စစ်တွေတက္ကသိုလ် သုံးထပ်ပင်မစာသင်ဆောင် တည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စစ်တွေတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဦးဘရွှေက တက္ကသိုလ်သမိုင်းနှင့် အကျယ်အဝန်း၊ ဖွင့်လှစ်ထားသော သင်တန်းများ၊ အထူးပြုဘာသာရပ်များ၊ ကျောင်းသားဦးရေ၊ ဝန်ထမ်းအင်အားနှင့် စစ်တွေတက္ကသိုလ် သုံးထပ်ပင်မဆောင်ဆောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

သုံးထပ်ပင်မဆောင်

ဆက်လက်၍ အောင်ဇမ္ဗူသီဟ ဆောက်လုပ်ရေးနှင့် ယန္တရားဝန်ဆောင်မှု ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဇော်လင်းအောင်က သုံးထပ်ပင်မဆောင် Phase II ကို တာဝန်ယူဆောက်လုပ်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ပေးသည်။

ကျွမ်းကျင်တတ်မြောက်

ထို့နောက် ဝန်ကြီးချုပ်သည် တက်ရောက်လာကြသော ဆရာ ဆရာမများအား မိမိတို့၏တပည့်များကို နိုင်ငံတော်အကျိုးပြုသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရေးအတွက် အမှန်တကယ်တတ်မြောက်ပြီး ထူးချွန်ထက်မြက်သူများဖြစ်အောင် သင်ကြားပေးရေး၊ ကျောင်းသား ကျောင်းသူများအား စည်းကမ်းရှိရေး၊ ကိုယ်ကျင့်တရား ကောင်းမွန်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာသူများဖြစ်အောင် လေ့ကျင့်ပေးရေး၊ ဆရာ ဆရာမများကိုယ်တိုင် မိမိတို့သင်ကြားရမည့် ဘာသာရပ်များကို ကျွမ်းကျင်တတ်မြောက်ရေးနှင့် ခေတ်မီနည်းပညာ၊ အတတ်ပညာဆိုင်ရာများ တတ်မြောက်စေရန် အစဉ်အမြဲလေ့လာနေရေးကို မှာကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဝန်ကြီးချုပ်သည် ပင်မသုံးထပ်စာသင်ဆောင် တည်ဆောက်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်တွေမြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် စစ်တွေမြို့ ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နေသည့် ကန်တော်ကြီးနှင့် တိုးချဲ့ကန်တို့တွင် ရေသိုလှောင်ထားနိုင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒို့ကျေးရွာ ဂျာနယ်အတွဲ (၇)၊ အမှတ် (၁၀) ထွက်နေပြီ

နေပြည်တော် မေ ၁၅

မေထုန်ရာသီ နယုန်လ၏ သင်းပျံ့သော စံပယ်ပန်းရနံ့များနှင့်အတူ ကျေးလက်နေပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ကျန်းမာရေးနှင့် ဗဟုသုတ အဖြာဖြာတို့ကို စုံလင်စွာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ (၇)၊ အမှတ်(၁၀)ကို ၂၀၁၀ ခုနှစ် မေ ၁၅ရက်က ထုတ်ဝေလိုက်ပြီ ဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် မိုးစပါး နွေစပါးသီးထပ်ဒေသ မြေယာပြဿနာအဖြေရှာ၊ မျိုးကောင်းမျိုးသန့်ကိုစိုက်ပျိုး စပါးအထွက်နှင့်ဝင်ငွေတိုး၊ လက်ဖက်တိုးချဲ့စိုက်ပျိုးရေး၊ ကိုင်းကူးစိုက်ပျိုးအကောင်းဆုံးရော်ဘာမျိုး၊ ကြက်ခြံဘေးတွင် သစ်ပင်စိုက်ပါ၊ ဘက်စုံအကျိုးပြုသည့် ပဲစင်းငုံကိုစိုက်ပါစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ နို့စားနွားမျိုးများအကြောင်း သိကောင်းစရာ၊ ကြက်မွေးမြူရေးတွင် ရောဂါကင်းဝေးရေး ကြိုတင်ဆောင်ရွက်ရန်၊ စီးပွားတိုးစေမည့် ဘဲမွေးမြူရေး၊ ဖျားနာနေသော ဆိတ်ကို ပြုစုခြင်း၊ ခွာနာလျှာနာရောဂါ ကုသပါ၊ ယခုနှစ် ကြက်လည်လိမ်ရောဂါဖြစ်ပွားမှု ထူးထူးခြားခြားမရှိခဲ့ စသည့် မွေးမြူရေးဆောင်းပါးများ၊ မိခင်နှင့်ကလေး ကျန်းမာရေးအလေးပေးကာလိုက်နာပါ၊ သံပရာပင် ဆေးဖက်ဝင်၊ ခေါင်းကိုက်နှင့် ဇက်ကြောတက်ရောဂါ သက်သာပျောက်ကင်းလိုပါလျှင်၊ မှိုစားသုံးရာတွင် သတိပြုစရာများ၊ အပူဝင်၊ အပူငုပ်၊ အပူလျှပ် အရေးပေါ်ကုနည်း စသည့် ကျန်းမာရေးဆောင်းပါးများ အညာမြေသဘာဝကို ရေလျှံတွင်းများဖြင့် အလှဆင်ခဲ့ပြီ၊ မြင့်မြတ်သော အမျိုးကိုတန်ဖိုးထားပါ စသည့် အသိပညာပေး သုတ၊ ရသ ဆောင်းပါးများ၊ ယနေ့နိုင်ငံရေးအခြေအနေနှင့် ပတ်သက်၍ အတိတ်ကမြန်မာနိုင်ငံ၏ အကွဲအပြဲများက ရာဇဝင်တွင် စာတင်နိုင်ခဲ့ (၂)၊ ပါတီစုံစနစ်မှ တစ်ပါတီစနစ်သို့ သည်မှ ပါတီစုံစနစ်သို့ (၃) စသည့်နိုင်ငံရေး ဆောင်းပါးများ၊ ဆီးရီးယားနိုင်ငံအကြောင်း သိကောင်းစရာ၊ ရာသီဥတုပြောင်းလဲမှုနှင့် ကွက်အန္တရာယ်က ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကို ခြိမ်းခြောက်၊ လောင်စာပြတ်တောက်မှုများနှင့် ကြုံတွေ့နေရသော ဂါဇာဒေသ ကျန်းမာရေးပြဿနာ၊ မြစ်ရေခန်းခြောက်လာမှုကို ပူးပေါင်းဖြေရှင်းရန် မဲခေါင်မြစ်ရေ ကော်မရှင်နိုင်ငံများသဘောတူ စသည့် နိုင်ငံတကာ သတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် ပရိသတ်တွေရဲ့ အားပေးမှုနဲ့ ထိုက်တန်အောင် ပိုကြိုးစားမယ်ဆိုတဲ့ ဟိန်းဝေယံနှင့်တွေ့ဆုံခြင်း စသည့် အနုပညာသတင်းများ၊ အမွှေ ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

ရေများ ဖြန့်ဝေပေး

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဝဏ္ဏဒီပရပ်ကွက်၌ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ရေသယ်ယာဉ်များဖြင့် ရေများဖြန့်ဝေပေးနေစဉ်။ (နယ်စပ်စည်ပင်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီက သောက်သုံးရေလုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၅

နေပြည်တော် စည်ပင်သာယာရေးကော်မတီက နေပြည်တော်ခရိုင်အတွင်း သောက်သုံးရေ ရှားပါးမှုနှင့် ကြုံတွေ့နေရသည့်နေရာများ၌ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ကြီးကြပ်ဆောင်ရွက်

နေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်း သောက်သုံးရေရှားပါးမှု မဖြစ်ပေါ်စေရေးအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးထွန်းကြည်နှင့် ဌာနမှူးများသည် ယနေ့တွင် နေပြည်တော်ပျဉ်းမနားမြို့ပေါ်ရပ်ကွက်များနှင့် ဆက်စပ်လျက်ရှိသည့် ကျေးရွာများ၌ သောက်သုံးရေဖြန့်ဝေပေးနေမှုကို ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

နေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်း သောက်သုံးရေ ဖြန့်ဝေပေးရာတွင် ရန်အောင် (၁) ဘိုကုန်းရပ်ကွက်မှ အိမ်ခြေ ၁၂၀၀ အတွက် ရေဂါလန် ၁၂၀၀၀၊ ရန်အောင် (၂) ကျောက်တောင်ရပ်ကွက်မှ အိမ်ခြေ ၁၈၃၀ အတွက် ရေဂါလန် ၁၈၀၀၀ နှင့် သူဌေးကုန်းကျေးရွာ အိမ်ခြေ ၅၀၀ အတွက် ရေဂါလန် ၆၀၀၀ တို့ကို ရေသယ်ယာဉ် ၁၄စီးဖြင့် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သောက်သုံးရေဖြန့်ဝေ

အလားတူ နေပြည်တော် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက်အတွင်း သောက်သုံးရေရှားပါးမှု မဖြစ်စေရေးအတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးဝင်းဌေးနှင့် ဌာနမှူးများသည် သောက်သုံးရေဖြန့်ဝေပေးမှုကို ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ဥတ္တရသီရိမြို့နယ်ရွှေနံ့သာရပ်ကွက်ရှိ အိမ်ခြေ ၁၅၀၀အတွက် ရေဂါလန် ၁၂၀၀ ဆံ့ ရေကန် ၄၅ကန်ဖြင့် နေ့စဉ်ရေဂါလန် ၁၀၀၀၀၀ကို ဖြန့်ဝေပေးလျက်ရှိရာ ရာသီဥတု ပူပြင်းခြောက်သွေ့သဖြင့် သောက်သုံးရေရှားပါးမှု မဖြစ်စေရေးအတွက် ရေဂါလန် ၂၈၀၀ဆံ့ ရေသယ်ယာဉ် လေးစီးဖြင့် နေ့စဉ်ထပ်မံဖြန့်ဖြူးပေးလျက်ရှိသည်။

စီမံဆောင်ရွက်

ထို့ပြင် ဇမ္ဗူသီရိမြို့နယ် သာယာကုန်း ရပ်ကွက် အိမ်ခြေ ၂၂၀အတွက် ရေဂါလန် ၁၆၀၀ဆံ့ ရေသယ်ယာဉ်ရှစ်စီးဖြင့် လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ရွှေအင်ကြင်း ရပ်ကွက် အိမ်ခြေ ၄၅၀အတွက် ရေဂါလန် ၁၂၀၀ဆံ့ ရေကန် ၁၂ကန်ကို နေ့စဉ်ဖြန့်ဝေပေးလျက်ရှိပြီး ရေဂါလန် ၁၆၀၀ဆံ့ ရေသယ်ယာဉ်ရှစ်စီးဖြင့် လည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက်၊ ဇဝနဒီပရပ်ကွက်၊ ဝဏ္ဏဒီပရပ်ကွက်အတွက် ရေဂါလန် ၁၆၀၀ဆံ့ ရေသယ်ယာဉ် ၁၀စီးဖြင့် ရေဂါလန် ၄၈၀၀၀ကိုလည်းကောင်း နေ့စဉ်ဖြန့်ဝေပေးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေပြည်တော်တပ်ကုန်း

ထို့အတူ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင် ဦးသန်းရှိန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော်တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်း သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရသော ခရမ်းစက်ကုန်းကျေးရွာ အိမ်ခြေ ၆၈၀ အတွက် ကော်မတီပိုင် ရေသယ်ယာဉ် လေးစီးဖြင့် ရေဂါလန် ၂၀၀၀၀ ဖြန့်ဝေပေးခဲ့သည်။

အလားတူ နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်း သောက်သုံးရေခက်ခဲသည့် ညောင်ငါးပင်၊ ဥသျှစ်ကုန်း၊ အေးမွန်၊ မျက်ရဲကျေးရွာများသို့လည်း နေပြည်တော်စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သောက်သုံးရေလုံလောက်စွာ နေ့စဉ်ဖြန့်ဝေပေးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက်၌ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ရေသယ်ယာဉ်များဖြင့် ရေများ ဖြန့်ဝေပေးနေစဉ်။ (နယ်စပ်စည်ပင်)

ပြည်ပဈေးကွက်ဝင် ပန်းသရက် (R2E2) စီးပွားရေးတွက်ခြေကိုက်၍ စိုက်ပျိုးသူများလာ

တွေ့ဆုံမေးမြန်းသူ-မြင့်မောင်စိုး ❖ ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်) ❖ စာမျက်နှာဖွဲ့စည်းမှု-မာမာစိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၁၅

ယခုအချိန်တွင် မြန်မာ့သရက်သီးဈေးကွက်၌ သရက်သီးများ လှိုင်လှိုင်ပေါ်ပြီ။ ပြည်တွင်းဈေးကွက်တွင် အနံ့အရသာနှင့်ပြည့်စုံသော သရက်သီးများတွေ့ရသကဲ့သို့ ပြည်ပဈေးကွက်ရ သရက်သီးအမျိုးမျိုးကိုလည်း တွေ့ရပေသည်။

"ပန်းသရက်ဟာ အလုံးလှပြီး အရသာထူးကဲတာကြောင့် ပြည်တွင်း ပြည်ပ ဈေးကွက် အလားအလာ ကောင်းတဲ့ သရက်မျိုးဖြစ်ပါတယ်"
ဦးလှဆန်း(စီမံကိန်းမန်နေဂျာ)။

ပြည်တွင်းဈေးကွက်၌ လူကြိုက်များလျက်ရှိသော သရက်သီးအချို့မှာ စိန်တလုံး၊ ရွှေဟင်္သာ၊ မြကျောက်၊ မချစ်စု၊ အောင်ဒင်နှင့် ရင်ကွဲ စသောသရက်မျိုးများဖြစ်သည်။ ထိုသရက်မျိုးများအပြင် ပြည်ပမှ မှာယူတင်သွင်းစိုက်ပျိုးပြီး ဈေးကွက်တွင် လူကြိုက်များနေသော ပန်းသရက် (R2E2) သရက်သီးများကိုလည်း တွေ့ရသည်။

ပန်းသရက်

အဆိုပါ ပန်းသရက် (R2E2)မျိုးသည် အနံ့အရသာနှင့်ပြည့်စုံပြီး အလုံးလှ၍ စွဲမက်ဖွယ်ရာကောင်းသဖြင့် ပြည်တွင်းဈေးကွက်တွင် အခြားမျိုးများထက် ဈေးကောင်းရရှိနေသည်။ အသီး၏ အရောင်အသွေး၊ ကြာရှည်စွာ အထားခံနိုင်မှုတို့ကြောင့် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ တင်ပို့နေပြီဖြစ်ကြောင်း သိရသည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် ဈေးကွက်တွင်လူကြိုက်များ၍ ဝယ်လိုအားကောင်းသည့် အဆိုပါ သရက်သီးများ စိုက်ပျိုးထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ အသိပေးတင်ပြနိုင်ရန် ယင်းသရက်ပင်များ မျိုးပွားဖြန့်ဖြူးနေသော ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး မော်တော်ကားလမ်းမကြီးဘေးရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံသုတေသနနှင့် ဖွံ့ဖြိုးရေး ဗဟိုဌာနသို့ သွားရောက်ကာ စိုက်ပျိုးရေး တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

မျိုးပွားထုတ်လုပ်

ရှေးဦးစွာ စိုက်ပျိုးရေး စီမံကိန်း မန်နေဂျာ ဦးလှဆန်းနှင့် တွေ့ဆုံရာ "ကျွန်တော်တို့ ဌာနအနေဖြင့်- ဒေသအလိုက် စိုက်ပျိုးလျက်ရှိသည့် ဟင်းသီးဟင်းရွက်များကို စုဆောင်း၍လည်းကောင်း၊ ပြည်ပမျိုးများ တင်သွင်းစမ်းသပ်ခြင်းဖြင့်လည်းကောင်း၊ သုတေသနပြုလုပ်၍ မျိုးရွေးချယ်ထုတ်လုပ်ရန်၊ အရည်အသွေး အဆင့်အတန်း မြင့်မားသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံမျိုးများနှင့် ပျိုးပင်များကို မွေးမြူမျိုးပွားထုတ်လုပ် ဖြန့်ဖြူးရန်၊ သီးနှံအလိုက် သင့်လျော်သည့် စိုက်ပျိုးထုတ်လုပ်မှု နည်းစနစ်များကိုဖော်ထုတ်၍ ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဆိုတဲ့ ရည်ရွယ်ချက်သုံးရပ်နဲ့ ဆောင်ရွက်နေပါတယ်။ ဒီရည်ရွယ်ချက်အတိုင်း လူကြိုက်များပြီး ဈေးကွက်ရနေတဲ့ ပန်းသရက် (R2E2)ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနဲ့ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(အက်ဖ်အေအို)တို့ ပူးပေါင်းဆောင်ရွက်တဲ့ မြန်မာနိုင်ငံသစ်သီးဝလံ၊

"ပန်းသရက်ဟာ ပြည်ပဈေးကွက် အလားအလာရှိတာကြောင့် စိုက်ဧကများ တိုးချဲ့သွားမှာဖြစ်ပါတယ်"
ဦးစိန်သန်း(သရက်စိုက်တောင်သူ)။

ဟင်းသီးဟင်းရွက်၊ ပန်းမန် စိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်း (FAO/ TCP/ MYA/ 6713) အရ ၁၉၉၉ခုနှစ် ဧပြီလမှာ ဩစတြေးလျနိုင်ငံရှိ (Mountain View Nursery) မှတစ်ဆင့် (R2E2)မျိုးရှစ်ပင် တင်သွင်းခဲ့ပြီး ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံသုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန (VFRDC) ရှိ စိုက်ကွက် (A) မှာ ၂၀၀၀ပြည့်နှစ်မှစပြီး စိုက်ပျိုးခဲ့ပါတယ်" ဟု ဦးစွာရှင်းပြသည်။

အောင်မြင်

"ဒီပန်းသရက် (R2E2) မျိုးဟာ ၁၉၈၂ခုနှစ်မှာ ဩစတြေးလျနိုင်ငံရှိ Department of Primary Industries and Fisheries, Bowen Research Station မှ Ian Bally ဆိုတဲ့ပညာရှင်က စမ်းသပ်စိုက်ပျိုးခဲ့တဲ့ သရက်မျိုး ဖြစ်ပါတယ်။ စိုက်ကွက်အတွင်းရှိ မူလအပင်ရဲ့ စိုက်တန်း (Row)နဲ့ အပင်တည်နေရာကို အစွဲပြုပြီး (R2E2) လို့ အမည်တပ်ခဲ့ကြောင်း သိရပါတယ်။ ၁၉၉၁ခုနှစ်မှာ စီးပွားဖြစ် ထုတ်လုပ်ဖို့ခွင့်ပြုခဲ့၍ ဩစတြေးလျနိုင်ငံတစ်ဝန်းတွင် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးခဲ့ပါတယ်။ ဩစတြေးလျနိုင်ငံမှာ လူသိအများဆုံးဖြစ်ပြီး ပြည်ပဈေးကွက် ထိုးဖောက်အောင်မြင်နေကြောင်းလည်း သိရပါတယ်။ ယခုအခါမှာတော့ ကျွန်တော်တို့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံသုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန (VFRDC)က ရောဝတီနဲ့ ပဲခူးတိုင်းတို့မှာ ပျိုးပင်တစ်သောင်းကျော် ကိုင်းဆက်မျိုးပွားပြီး ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနက ပျိုးပင်တစ်ပင်လျှင် ကျပ် ၉၀၀မှ ကျပ် ၁၅၀၀ နှုန်းနဲ့ အပင်ရဲ့အကြီးအသေးပေါ်မှာမူတည်ပြီး သရက်စိုက် တောင်သူများအတွက် ရောင်းချပေးနေပါတယ်။ ဖုန်းနံပါတ်-၀၁-၆၂၅၀၄၆ နှင့် ၀၉-၅၀-၂၈၇၄၁တို့မှာ ဆက်သွယ်မှာယူနိုင်ပါတယ်" ဟု ဦးလှဆန်းက မြန်မာ့အလင်းသို့ ဆက်လက်ရှင်းပြသည်။

ပုံမှန်အသီးသီး

ထို့အတူ ဒုကြီးကြပ်ရေးမှူး ဦးကျော်ဝေနိုင်ကလည်း "ကျွန်တော်တို့ ဒီပန်းသရက် (R2E2)မျိုးကို ပျိုးပင်သက်တမ်းတစ်နှစ်သားအရွယ်မှာ ပင်ကြားပေ ၂၀× တန်းကြားပေ ၂၀နှုန်းနဲ့ တစ်ဧကအပင် ၁၀၀ကျော် စိုက်ပျိုးနိုင်ပါတယ်။ မျိုးပွားနည်းကတော့ ပင်ပိုင်းမျိုးပွားနည်းနဲ့ မျိုးပွားနိုင်ပါတယ်။ ပင်ပိုင်းမျိုးပွားခြင်းဟာ ပင်ပျိုအဆင့် အချိန်တိုပြီး အသီးစောစောသီးစေနိုင်ပါတယ်။ စိုက်ပျိုးပြီး ပထမနှစ်နှစ်၊ သုံးနှစ်အတွင်းမှာ ကိုင်းများဖြတ်ပေးခြင်းဖြင့် ကိုင်းများဖြာတက်လာပြီး ဖြာထွက်သောကိုင်းများတောင့်တင်း၍ အသီးသီးစေနိုင်မှာဖြစ်ပါတယ်။ (R2E2) သရက်မျိုးဟာ အပေါ်သို့ ထောင်မတ်တဲ့ အလေ့အထရှိသဖြင့် အစပိုင်းနှစ်များမှာ ကိုင်းဖြတ်၍ အပင်အမြင့်ထိန်းပေးခြင်းကို မဖြစ်မနေ ဆောင်ရွက်ဖို့လိုပါတယ်။ အပင်သက်တမ်း ငါးနှစ်မှ ခြောက်နှစ်အတွင်း ပုံမှန်အသီးသီးပါတယ်" ဟု ရှင်းပြသည်။

"ပန်းသရက် (R2E2) မျိုးဟာ သဲဆန်သောမြေမှာစိုက်ရင် ဘိုရွန်ချို့တဲ့ခြင်းကြောင့် ဘိုရွန်ကို အာဟာရဓာတ်အဖြစ် ထည့်ပေးဖို့လိုပါတယ်။ ဒီသရက်မျိုးဟာ မှဲ့ပြောက်စွန်းရောဂါ ခံနိုင်ရည်ရှိသော်လည်း သီးထိုးယင်၊ ဖြုတ်ပိုး၊ စကေးအင်းဆက်နဲ့ အဖူးထိုးကျိုင်းတို့ကို ကာကွယ်ပေးနိုင်ဖို့ ပင်လုံးပုံ့အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုး ဖျန်းပေးဖို့လိုပါတယ်။ သီးထိုးယင်အတွက် အသီးကို အိတ်များစွပ်ပေးဖို့ လိုပါတယ်။ အသီးများ အိတ်စွပ်ပေးခြင်းဖြင့် အရည်အသွေးမီ သရက်သီးများအဖြစ် တန်ဖိုးမြင့် ထုတ်လုပ်နိုင်မှာဖြစ်ပါတယ်" ဟု ဦးကျော်ဝေနိုင်က ဆက်လက်ရှင်းပြသည်။

"သရက်သီးတွေကို အိတ်စွပ်ပေးခြင်းဖြင့် သရက်သီးတွေရဲ့ အရောင်အသွေး ပိုမိုလှပစေတာကြောင့် ဈေးပိုရစေနိုင်ပါတယ်"
ဦးကျော်ဝေနိုင်(ဒုကြီးကြပ်ရေးမှူး)။

တိုးချဲ့စိုက်ပျိုး

တစ်ဖန် သရက်စိုက်တောင်သူတစ်ဦးဖြစ်သည့် မှော်ဘီမြို့နယ် ညောင်နှစ်ပင်စိုက်ပျိုးရေးအထူးဇုန်(၁)မှ ဦးစိန်သန်းကလည်း "ကျွန်တော့်အနေနဲ့ (R2E2) သရက်မျိုးကို ၂၀၀၉ခုနှစ် ဇူလိုင်လက စစိုက်ပါတယ်။ အပင် ၁၇၀စိုက်ပျိုးထားပါတယ်။ အပင်များအားလုံး ရှင်သန်ကြီးထွားမှု ကောင်းပါတယ်။ ဒီသရက်မျိုးဟာ ပြည်ပဈေးကွက်ဝင် စီးပွားရေးတွက်ခြေကိုက်တဲ့ သရက်ဖြစ်ခြင်းကြောင့် သရက်စိုက်တောင်သူများ တိုးချဲ့စိုက်ပျိုးနေကြပါပြီ။ လာမယ့်မိုးရာသီမှာ ထပ်မံပြီးတော့လည်း (R2E2)သရက်မျိုးတွေ စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

အရသာကောင်းမွန်

ယခုအခါ ပန်းသရက် (R2E2)သီးများကို ပြည်တွင်းဈေးကွက်များဖြစ်သည့် စူပါမားကတ်များ၌ တန်ဖိုးမြင့် သစ်သီးဝလံအဖြစ် ရောင်းချလျက်ရှိရာ တစ်လုံးလျှင် ကျပ် ၁၀၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။ ယင်းသရက်သီးမှာ အချိုလွန်ကဲမှုမရှိခြင်း၊ အသားပေါပြီး အရသာကောင်းမွန်ခြင်းတို့ကြောင့် စင်ကာပူ၊ အမေရိကန်နှင့် ဥရောပနိုင်ငံများ၌ လူကြိုက်များလျက်ရှိသည်။ သရက်သီးတစ်လုံး၏ အလေးချိန်မှာ ဂရမ် ၆၀၀မှ ၁၀၀၀အထိ ရှိနိုင်သည်။

သို့ပါ၍ ပြည်သူများအနေဖြင့် သရက်ကို မိမိတို့၏ အိမ်ခြံဝင်းများအတွင်း တစ်ပိုင်တစ်နိုင် စိုက်လိုလျှင်သော်လည်းကောင်း၊ ဥယျာဉ်ခြံများအတွင်း စီးပွားဖြစ် စိုက်ပျိုးလိုလျှင်သော်လည်းကောင်း ပြည်ပဈေးကွက် အလားအလာကောင်းသော ပန်းသရက်မျိုးများ စိုက်ပျိုးသွားနိုင်ရန် သတင်းကောင်းပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သရက်သီးများ အိတ်စွပ်ထားသော ပန်းသရက်စိုက်ခင်းကို ဤသို့ ရှုမောဖွယ် တွေ့ရသည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၆-၅-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	အင်္ဂဇေယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၅၀	၅။	သံသာချိုအေး မင်္ဂလာတေး
၈း၀၀	၆။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၁၀	၇။	အတီးပြိုင်ပွဲ
၈း၂၀	၈။	တေးဂီတအစီအစဉ်
၈း၃၀	၉။	**မင်းမသိသေးပါဘူးကွာ**
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	Connect with English (Episode-48) (A Very Good Year)
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၀	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀	၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း၊ မနွမ်းသောမေတ္တာ** (အပိုင်း-၈)
၁၂း၃၀	၅။	Golf Magazine (TV)
၁၂း၅၅	၆။	မြန်မာရုပ်ရှင် **နှုတ်ခမ်းထက်က ဓားသွား** ကျော်ဟိန်း၊ ပိုင်ဇေရဲထွန်း၊ စည်သူလွင်၊ မျိုးသန္တာထွန်း (ဒါရိုက်တာ-ကြည်ဖြူသျှင်)
၁၄း၄၅	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၄း၅၀	၈။	International News

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၀၅	၂။	တေးဂီတအစီအစဉ်
၄း၁၅	၃။	**Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် ရတနာပုံ F.C နှင့် ကမ္ဘောဇ F.C**
၆း၂၀	၄။	ညနေခင်းသတင်း
၆း၃၅	၅။	မိုးလေဝသအခြေအနေ
၆း၄၀	၆။	ကာတွန်းအစီအစဉ် **BUGS' ADVENTURES** (အပိုင်း-၁၃)
၇း၀၀	၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိတာ ခွင့်လွှတ်ပါ** (အပိုင်း-၈)
၈း၀၀	၈။	ပြည်တွင်းသတင်း
	၉။	နိုင်ငံတကာသတင်းများ
	၁၀။	မိုးလေဝသအခြေအနေ
	၁၁။	ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၂၅)
	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **အရွယ်လွန်ချစ်အိပ်မက်** (အပိုင်း-၈)
	၁၃။	ရုပ်သံကြယ်ပွင့်များ
	၁၄။	အစီအစဉ်ပြီး၏။

1st National Expo 2010 တွင် T & Y Group က ပါဝင်ခင်းကျင်းပြသ

နေပြည်တော် မေ ၁၅

1st National Expo 2010 ကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ဇေယျာသီရိ ကုန်ပဒေသာတိုက်၌ စတင်ကျင်းပရာ T & Y Groupလည်း ယင်းပြပွဲတွင် ပါဝင်ခင်းကျင်းပြသသည်။ **(အပေါ်ပုံ)**

ပြသထား

T & Y Group အနေဖြင့် Landscaping လုပ်ငန်းတွင် ထိုင်ဝမ်မြက်၊ ဘဲစားမြက်၊ ဂျပန်မြက်အမျိုးမျိုးဖြင့် မြက်ခင်းအလှဆင်ခြင်း၊ ပြုပြင်ပေးခြင်း၊ ရေတံခွန်နှင့် စမ်းချောင်းငယ်များ အလှဆင်ပြုလုပ်ပေးခြင်း၊ ကျောက်တုံးများဖြင့် ဥယျာဉ်တည်ဆောက်ပေးခြင်း၊ ရေပန်းဥယျာဉ်အလှဆင်ခြင်း၊ မိုးတုရွာပေးခြင်း၊ သစ်ပင်ကြီးငယ် ပန်းမန်များ ရွှေ့ပြောင်းစိုက်ပျိုး၍ ပန်းဥယျာဉ်အလှဆင်ပေးခြင်း၊ ကွန်ကရစ်လမ်း၊ ဂရက်နိုက်ကျောက်စီလမ်း စသည်ဖြင့် နှစ်သက်ရာ ကျောက်အမျိုးမျိုးဖြင့် လမ်းအလှခင်းခြင်း၊ ဂရနိုက်၊ မာဘယ်၊ Sand Stone၊ ရွှေလာ၊ ငွေလာ၊ သင်ပုန်းကျောက်၊ ကျောက်ပြားတုများဖြင့် ကျောက်ပြားအလှဆင်ပေးခြင်း၊ နှစ်သက်ရာကျောက်တုံးဒီဇိုင်းဖြင့် စည်းရိုးတံတိုင်းများပြုလုပ်ပေးခြင်း၊ သစ်ပင်ပန်းမန်ဥယျာဉ်များကို ပြုပြင်ထိန်းသိမ်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုနှင့်ပတ်သက်၍ ဥယျာဉ်ငယ်ပုံစံဖြင့်လည်းကောင်း၊ မှတ်တမ်းဓာတ်ပုံများဖြင့်လည်းကောင်း ပြသထားသည်။

တွက်ချက်ပေး

ထို့အပြင် အဆင့်မြင့် လုံးချင်းအိမ်ရာများ၊ အထပ်မြင့် အဆောက်အအုံများကို သင့်တင့်မျှတသော PAE ဈေးနှုန်းဖြင့် ဆောက်လုပ်ပေးခြင်း၊ အိမ်ပုံစံဆွဲပေးခြင်း၊ အိမ်တွင်း အလှဆင်ပေးခြင်း၊ ဒီဇိုင်းတွက်ချက်ခြင်း၊ ခံနိုင်ဝန်အား တွက်ချက်ပေးခြင်း၊ လုံးချင်းအိမ်၊ အထပ်မြင့်အိမ်များအတွက် Design နှင့် ဈေးနှုန်းတွက်ချက်ပေးခြင်း၊ သုံးငွေ၊ သုံးသင့်သောပစ္စည်း၊ အိမ်ပုံစံတို့ကို အကြံပြုဆွေးနွေးပေးခြင်းနှင့် စက်ရုံ၊ ဂိုဒေါင်၊ လုံးချင်းအိမ်များကို Steel Structure ဖြင့် တည်ဆောက်ပေးခြင်း၊ Air Con & Engineering Services နှင့် လမ်း၊ တံတားဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုနှင့်ပတ်သက်၍လည်း ဓာတ်ပုံမှတ်တမ်းများဖြင့် ရှင်းလင်းပြသထားသည်။

ခေတ်မီဆန်းပြား

တိုက်တာ၊ အိမ်ခြံမြေများကို လှပခမ်းနားဝင့်ထည်စွာ အလှဆင်ရန်အတွက် Thet Swe & Yamin Co., Ltd. ၏ ဝါရင့်ကျွမ်းကျင်သော B.E ဘွဲ့ရ Civil Engineer များသာ သီးသန့်တည်ထောင်ထားသော T & Y Landscape and Engineering Advisory Group က ထူးခြားခေတ်မီဆန်းပြားသော ဒီဇိုင်းများဖြင့် အိမ်တိုင်ရာရောက် အလှဆင်ပေးနေကြောင်း သိရသည်။

(သတင်းစဉ်)

အမျိုးသားရေးတာဝန်ဖြစ်သည့် ကျေးရွာစာကြည့်တိုက်များ ထူထောင်ခြင်းနှင့် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းလုပ်ငန်းများ အောင်မြင်ရန် ပူးပေါင်းဆောင်ရွက်

❐ *ကျော့ဖုံးမှ*

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စာပေပညာရှင်ကြီးများ၊ စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မိန့်ကြား

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက ''အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာမှာ အရည်အချင်းမြင့်မားတဲ့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုများကို အင်နှင့်အားနှင့် ထုထည်ပမာဏကြီးမားစွာ အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ ဒေသအလိုက် လိုအပ်တဲ့လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု (Regional Human Resource Development) များကိုလည်း နေရာအနှံ့ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ တည်ဆောက်ရရှိတဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုကိုလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန် လိုအပ်ကြောင်း၊ ဒီလိုထိန်းသိမ်းနိုင်ရန်အတွက် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းဟာ စဉ်ဆက်မပြတ် ပညာကို လေ့လာသင်ယူနေတဲ့ လူ့ဘောင်အဖွဲ့အစည်း (Learning Society) တစ်ခုဖြစ်လာအောင် ဆောင်ရွက်ရန် လိုပါကြောင်း၊ နိုင်ငံသားတိုင်းဟာ အသက်အရွယ်၊ အတွေ့အကြုံ၊ ပညာအရည်အချင်း မည်သို့ပင်ရှိပြီး မည်သည့်နေရာတွင် ရောက်ရှိနေထိုင်သည်ဖြစ်စေ ပညာကို လေ့လာသင်ယူနိုင်တဲ့ အခွင့်အလမ်းတွေကို ဖွင့်ပေးထားရန် လိုကြောင်း''တို့ကို ၁-၁-၂၀၁၀ ရက်နေ့ အီလက်ထရွန်နစ်ပညာရေး (e-Education) အကောင်အထည်ဖော်သောနေ့ အထိမ်းအမှတ် ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာမှာ မိန့်ကြားခဲ့ပါကြောင်း။

တပ်မတော်အစိုးရလက်ထက်တွင် ပညာရေးကဏ္ဍကို နှစ်(၃၀)ပညာရေးစီမံကိန်းရေးဆွဲပြီး ခေတ်မီပညာရပ်များ တစ်ရှိန်ထိုးမြင့်မားလာအောင် ဆောင်ရွက်ခဲ့ကြောင်း၊ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများ၌ Multi Media Class rooms များ ဖွင့်လှစ်ပေးခဲ့သကဲ့သို့ ပညာရေးစနစ်ကို ခေတ်မီသော Electronic Education ဖြင့် မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်း၌ တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၆၁ခုအထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ စာတတ်မြောက်မှုနှုန်းမှာလည်း ၉၄ရာခိုင်နှုန်းဖြစ်ပြီး မူလတန်းအဆင့် ကျောင်းနေနှုန်းမှာ ၉၈ရာခိုင်နှုန်းအထိ ရှိခဲ့ကြောင်း၊ ပညာရပ်နယ်ပယ်တွင် အခြားဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများနှင့် တန်းတူနီးပါး ကျယ်ပြန့်လာစေရန် ဘာသာရပ်စုံ သင်ကြားနိုင်စေရေးအတွက် စီမံဆောင်ရွက်ပေးလျက် ရှိကြောင်း။

ထူထောင်ရေး

ဤကဲ့သို့ ပညာရေးကဏ္ဍတွင် မြင့်မားအောင် ဆောင်ရွက်ပေးနေသကဲ့သို့ လူဦးရေ အများစုနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ဖြစ်သည့် ကျေးလက်ဒေသများ လမ်းပန်းဆက်သွယ်မှုချောမွေ့ကောင်းမွန်ရေး၊ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေး၊ ကျေးလက်ပြည်သူများ၏ ပညာရေး အဆင့်အတန်းမြင့်မားရေး၊ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးနှင့် ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်းချမှတ်ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဤလုပ်ငန်းစဉ် (၅)ရပ်နှင့်ဆက်စပ်ပြီး ကျေးရွာစာကြည့်တိုက်များ ထူထောင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံလူဦးရေ၏ ရာခိုင်နှုန်း ၇၀ ခန့်သည် ကျေးလက်နေပြည်သူများ ဖြစ်ကြောင်း၊ လယ်ယာလုပ်ငန်းများကိုသာ အဓိကလုပ်ကိုင်လျက်ရှိကြောင်း၊ ထိုကဲ့သို့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်နေပြည်သူများအတွက် စာအုပ်စာပေများ လက်လှမ်းတမီ ဖတ်ရှုလေ့လာနိုင်အောင် ကျေးရွာစာကြည့်တိုက်များ ထူထောင်ထားရှိပေးရန် လိုအပ်လာကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တည်ထောင်ရှင်သန် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ နိုင်ငံအနှံ့မြို့ပြရော ကျေးလက်ပါ ထူထောင်လျက်ရှိရာတွင် ကျေးရွာပေါင်း ၆၄၈၈၉ ရွာအနက် စာကြည့်တိုက်ပေါင်း ၅၅၇၅၅ခု ဖွင့်လှစ်ခဲ့ပြီး အခိုင်အမာ ကိုယ်ပိုင်အဆောက်အအုံ၊ စာအုပ်စာစောင်၊ ပရိဘောဂ၊ စာကြည့်တိုက်မှူးတို့ စုံလင်စွာဖြင့် ထားရှိနိုင်သည့် ခိုင်မာစာကြည့်တိုက်ပေါင်း ၂၈၁၈၅ခု ဆောင်ရွက်ထားနိုင်သည်ကို တွေ့ရကြောင်း။

တာဝန်တစ်ရပ်

နိုင်ငံတစ်ဝန်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ပေါ်ပေါက်လာသည်နှင့်အမျှ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ ပိုမိုမြင့်မားလာမှာဖြစ်ကြောင်း၊ ဤကဲ့သို့ အသိပညာဗဟုသုတမြင့်မားလာသည်နှင့်အမျှ ပြည်သူများအနေဖြင့် ဒီမိုကရေစီ အနှစ်သာရရှိရှိ ခိုင်ခိုင်မာမာ ကျင့်သုံးနိုင်မှာဖြစ်ကြောင်း၊ ထို့အပြင် အနာဂတ်ကာလတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို အခြေခံပြီး Internet စနစ်ချိတ်ဆက်ကာ Community Learning Center များအဖြစ် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ဆောက်ခြင်းသည် အသိပညာဗဟုသုတ မြင့်မားရေးအတွက်သာမဟုတ်ဘဲ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက်လည်း အရေးကြီးသည့် အမျိုးသားရေး တာဝန်တစ်ရပ် ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အပိုင်းကလည်း ၂၀၀၉-၂၀၁၀ ခုနှစ်ကစပြီး ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ကိုယ်ပိုင်အဆောက်အအုံနှင့် ဖြစ်အောင် ဘဏ္ဍာငွေ ထောက်ပံ့နိုင်ရေးအတွက် လျာထားငွေများချမှတ်ပေးပြီး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

တည်ထောင်သွား

နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အညီ စီးပွားရေးလုပ်ငန်းရှင်များ၊ စေတနာရှင်ပြည်သူများ၏ ကူညီမှုနှင့် ကျေးရွာစာကြည့်တိုက်အဆောက်အအုံအပါအဝင် ပရိဘောဂ၊ စာအုပ်စာစောင်၊ စာကြည့်တိုက်မှူး၊ စာကြည့်တိုက်ကော်မတီ၊ ရန်ပုံငွေစသည့် အချက်များနှင့် ပြည့်စုံသော စာကြည့်တိုက်ပေါင်း ၂၈၁၈၅တိုက်ကို အကောင်အထည်ဖော်ခဲ့ပြီးဖြစ်ရာ ကျန်ရှိနေသည့် စာကြည့်တိုက်များ အခိုင်အမာဖြစ်စေရေးကို ဆက်လက်ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ရာတွင် စေတနာရှင် ပြည်သူ၊ နိုင်ငံတော်နှင့် အဖွဲ့အစည်း အသီးသီးက ပုဂ္ဂိုလ်များ၏ ပူးပေါင်းပါဝင်မှု အထူးလိုအပ်ကြောင်း၊ သို့မှသာ ရေရှည်တည်တံ့ခိုင်မာသည့် စာကြည့်တိုက်များ ဖြစ်လာမှာဖြစ်ကြောင်း၊ ဤကဲ့သို့ စာကြည့်တိုက်များ ရေရှည်တည်တံ့နိုင်ရန်အတွက် ယခုဖောင်ဒေးရှင်းကို တည်ထောင်သွားမှာဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ ဖွဲ့စည်းထူထောင်သည့် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းတွင် နိုင်ငံတော်နှင့်အတူ အားလုံးပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကျေးလက် ပြည်သူများ၏ အသိပညာဗဟုသုတမြင့်မားရေး၊ ကျေးလက်ပြည်သူများ၏ နေ့စဉ်ဘဝဆောင်ရွက်မှုများကို သာမက နိုင်ငံတော်တည်ဆောက်ရေးအတွက်လည်း အဓိကကျ၍ အမျိုးသားရေးတာဝန်ဖြစ်ခြင်းကြောင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း။

ပါဝင်ဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် ကျေးလက်ပြည်သူများ၏ အခန်းကဏ္ဍသည် အဓိကကျသည်နှင့်အမျှ ပြည်သူအများစုရှိသည့် ကျေးလက်များကို ရပ်ပိုင်းအရ ဖွံ့ဖြိုးတိုးတက်အောင်၊စိတ်ပိုင်းအရ ပိုမိုတိုးတက်လာအောင် အထောက် အကူပြုမည့် ကျေးလက်စာကြည့်တိုက် ဖောင်ဒေးရှင်းကို အောင်မြင်ရှင်သန်အောင် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးကြပါ။

နိုင်ငံနှင့် လူမျိုးအတွက် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရှင်သန်ခိုင်မာရေးကို အမျိုးသားရေးတာဝန်အဖြစ် သဘောထားပြီး ငွေကြေးအားဖြင့်သော်လည်းကောင်း၊ လူအားဖြင့်သော်လည်းကောင်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဖွင့်လှစ်

ထို့နောက် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း နာယက ပြန်ကြားရေး

စာမျက်နှာ ၇ ကော်လံ ၁သို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးထံ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းအတွက် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများအပါအဝင် စေတနာရှင် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း (**Rural Library Foundation**) ဖွဲ့စည်းတည်ထောင်ဖွင့်လှစ်ခြင်းနှင့် အလှူငွေပေးအပ်ပွဲတွင် ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတစ်ဝန်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပေါ်ပေါက်လာသည်နှင့်အမျှ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတ ပိုမိုမြင့်မားလာမှာဖြစ်ကြောင်း၊ ဤကဲ့သို့ အသိပညာဗဟုသုတမြင့်မားလာသည်နှင့်အမျှ ပြည်သူများအနေဖြင့် ဒီမိုကရေစီ အနှစ်သာရရှိရှိ ခိုင်ခိုင်မာမာ ကျင့်သုံးနိုင်မှာဖြစ်၊ ထို့အပြင် အနာဂတ်ကာလတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို အခြေခံပြီး Internet စနစ်ချိတ်ဆက်ကာ Community Learning Center များအဖြစ် ဆောင်ရွက်ကြရန်ဖြစ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေထံ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းအတွက် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ အပါအဝင် စေတနာရှင်အလှူရှင်များက စာအုပ်စာစောင်များအပါအဝင် အလှူငွေများပေးအပ် လှူဒါန်းကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆မှ

ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ကျေးဇူးတင်စကားပြောကြားပြီး ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း ဖွဲ့စည်းတည်ထောင်ရခြင်း၏ ရည်ရွယ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ပထမရည်ရွယ်ချက်မှာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ပြည်သူများ၏ အသိပညာဗဟုသုတ မြင့်မားအောင် ဆောင်ရွက်ပေးရေးပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုလည်း ရရှိမှာဖြစ်ကြောင်း၊ ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း ကျေးလက်ပြည်သူများ၏ အသိပညာဗဟုသုတ မြင့်မားမှုအပေါ် မူတည်ကြောင်း၊ ကျေးလက်ပြည်သူများ၏ အသိဉာဏ် ဗဟုသုတမြင့်မားရန် မီဒီယာကိုယ်ခံစွမ်းအား တည်ဆောက်နိုင်ရန် အဓိကအချက်သည် စာဖတ်ခြင်းပင်ဖြစ်ကြောင်း။

မြင့်မားစေရေး

တတိယရည်ရွယ်ချက်မှာ ဒီမိုကရေစီကို မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ရေးနှင့် မှန်မှန်ကန်ကန် ထိန်းကျောင်းနိုင်စေရန် ဖြစ်ကြောင်း၊ ဒီမိုကရေစီကို ကျင့်သုံးမည့်သူများမှာ ပြည်သူများပင်ဖြစ်ပြီး ဒီမိုကရေစီကို မှန်မှန်ကန်ကန် ကျင့်သုံးနိုင်အောင် ထိန်းကျောင်းရမည့်သူများမှာလည်း ပြည်သူများပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီကို မှန်မှန်ကန်ကန်ကျင့်သုံးတတ်စေရန်နှင့် မှန်မှန်ကန်ကန် ထိန်းကျောင်းတတ်စေရန်အတွက် ပြည်သူများအနေဖြင့် အသိဉာဏ်ဗဟုသုတ မြင့်မားရန်လိုကြောင်း၊ ပြည်သူများ အသိဉာဏ်ဗဟုသုတ မြင့်မားစေရေး၏ အခြေခံမှာ စာပေပင်ဖြစ်ကြောင်း၊ သို့ပါ၍ တန်ဖိုး စုစုပေါင်းမှာ မြန်မာကျပ်ငွေ ၁၂ဘီလီယံနီးပါးရှိကြောင်း၊ ၎င်းလုပ်ငန်းများကို နိုင်ငံတော်၏အား၊ စေတနာရှင်ပြည်သူများ၏အား၊ ဒေသခံပြည်သူများ၏အားတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း စာကြည့်တိုက်များကို ရေရှည်တည်တံ့ဖွံ့ဖြိုး တိုးတက်အောင် ဆက်လက်ဆောင်ရွက်ကြရဦးမည်ဖြစ်ကြောင်း။

ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားရာတွင် စာကြည့်တိုက် ဖောင်ဒေးရှင်း ထူထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် ကူညီဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ဖောင်ဒေးရှင်း၏ အခြေခံမူဝါဒမှာလည်း အမျိုးသားရေးနှင့် အမျိုးသားအကျိုးစီးပွားကို အခြေခံဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဖောင်ဒေးရှင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးထံ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းအတွက် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများအပါအဝင် စေတနာရှင် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းအတွက် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများအပါအဝင် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

အတွက် စာဖတ်ခြင်းသည် အခြေခံဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်ပြည်သူများ စာဖတ်သည့် အလေ့အကျင့်ရှိပြီး အသိဉာဏ်ဗဟုသုတ မြင့်မားလာအောင် ကျေးရွာစာကြည့်တိုက်များကို ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း။

ဒုတိယရည်ရွယ်ချက်မှာ ကျေးလက်ပြည်သူများ မီဒီယာကိုယ်ခံစွမ်းအား ကောင်းလာစေရန်ဖြစ်ကြောင်း၊ ယနေ့ကာလသည် ကျေးရွာစာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း။

ဤရည်ရွယ်ချက်များကို လေ့လာကြည့်ပါက ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်၏ အကျိုး၊ အဖွဲ့အစည်းတစ်ခု၏ အကျိုး မဟုတ်ဘဲ ပြည်သူတစ်ရပ်လုံး၏ အကျိုးသာ ဖြစ်သည်ကို တွေ့ရမှာဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အမျိုးသားရေး အကျိုးပင် ဖြစ်ကြောင်း။

တွင် နာယကအဖွဲ့နှင့် အမှုဆောင်အဖွဲ့များရှိမှာဖြစ်ပြီး ၎င်းအဖွဲ့များမှာ စေတနာ့ဝန်ထမ်းများအဖြစ် ထမ်းဆောင်ကြရမှာဖြစ်ကြောင်း၊ ဖောင်ဒေးရှင်း ရန်ပုံငွေရှာဖွေမည့် နည်းမှာလည်း လူထုအခြေခံ ရန်ပုံငွေရှာနည်းကို ကျင့်သုံးမှာဖြစ်ကြောင်း၊ ယခုလှူဒါန်းရရှိသည့် ရန်ပုံငွေများကို သုံးစွဲခွင့်ပြုမှာ မဟုတ်ဘဲ မတည်ငွေအဖြစ်ထားရှိပြီး ရရှိသော အကျိုးအမြတ်များ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးဌေးဦးထံ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းအတွက် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများအပါအဝင် စေတနာရှင်အလှူရှင်များက စာအုပ်စာစောင်များအပါအဝင် အလှူငွေများ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

သည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်(၅)ရပ်ပါ ကျေးလက်ပညာရေး တိုးတက်မှုလုပ်ငန်းနှင့် ကျေးလက် ကျန်းမာရေး တိုးတက်မှုလုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်သွားရန် ရည်မှန်းထားပါကြောင်း၊ သို့ပါ၍ ဤအမျိုးသားရေး တာဝန်ဖြစ်သည့် ကျေးရွာစာကြည့်တိုက်များ ထူထောင်ခြင်းနှင့် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းလုပ်ငန်းများ အောင်မြင်စေရန် အားလုံးက ပါဝင်ပူးပေါင်း ဆောင်ရွက်ကြပါရန် တိုက်တွန်း မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ပြန်လည်ပေးအပ်

ယင်းနောက် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းသို့ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများအပါအဝင်စေတနာရှင်၊ အလှူရှင် ၃၅၄ ဦးတို့က စာအုပ်စာစောင်များ အပါအဝင် အလှူငွေ စုစုပေါင်းငွေကျပ် ၇၂၀၉ ၄၃၅၀၀ ကို ပေးအပ်လှူဒါန်းကြရာ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများကလက်ခံကြပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းထံ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းအတွက် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများအပါအဝင် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာနဝန်ကြီး သူရဦးမြင့်မောင်ထံ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းအတွက် စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများအပါအဝင် စေတနာရှင်အလှူရှင်များ၏ စာအုပ်စာစောင်များ အပါအဝင် အလှူငွေများ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ပညာခေတ်ဖြစ်သည်နှင့်အညီ မီဒီယာခေတ်လည်းဖြစ်ကြောင်း၊ IT, ICT နည်းပညာများ မြင့်မားလာသည်နှင့်အမျှ မီဒီယာ၏ ပျံ့နှံ့မှုသည် အလွန်လျင်မြန်ပြီး များစွာကျယ်ပြန့်ကြီးမားကြောင်း၊ မီဒီယာကို နည်းပညာဖြင့် ကာကွယ်တားဆီးရန် မဖြစ်နိုင်ကြောင်း၊ မီဒီယာကို ထိတွေ့ခံယူသည့် ပြည်သူများ၏ ကိုယ်ခံစွမ်းအားဖြင့်သာ ကာကွယ်တားဆီးနိုင်မည် ဖြစ်ကြောင်း၊

ပူးပေါင်းဆောင်ရွက်

လက်ရှိ ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်မှုအခြေအနေများနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားရလျှင် မြန်မာနိုင်ငံ၌ ကျေးရွာပေါင်းခြောက်သောင်းကျော်ရှိရာ ကျေးရွာအားလုံးနီးပါးတွင် ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ စာကြည့်တိုက်အားလုံး၏ မြေ၊ အဆောက်အအုံ၊ စာအုပ် စာစောင်ပစ္စည်းအားလုံး၏ ဖြင့်သာ လုပ်ငန်းများ ဆောင်ရွက်စေမှာဖြစ်ကြောင်း၊ နောင်အနာဂတ်တွင် ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အဆင့် ဖောင်ဒေးရှင်းများပါ တိုးချဲ့ဖွဲ့စည်းပြီး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် ရည်ရွယ်ထားပါကြောင်း၊ ထို့ပြင် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ပြီးမြောက်သည့်အခါတွင် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထား

အမှာစကား ပြောကြား

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံ တည်ဆောက်ပေးခဲ့ကြောင်း၊ ထို့အပြင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် ကိုယ့်ခွန်ကိုယ့်အားကိုအားကိုး၍ တည်ဆောက်ရမှာဖြစ်ကြောင်း၊ မိမိအင်အားကို အားကိုးနိုင်ရန် မိမိ၏စွမ်းအားစွမ်းရည်များကို တိုးတက်အောင် တည်ဆောက်ရမှာဖြစ်ကြောင်း၊ ကိုယ့်စွမ်းအင်ကို တည်ဆောက်၍ ကိုယ့်အားကိုအားကိုးနိုင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်လာမှာဖြစ်ကြောင်း၊ ရှေ့ဆက်ပြီး ကိုယ့်နိုင်ငံတော်ကို တည်ဆောက်သွားကြရမည့် လုပ်ငန်းများကျန်ရှိနေသေးကြောင်း၊ မိမိတို့ချမှတ်ထားသော ဖွံ့ဖြိုးရေးစီမံကိန်းများ ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် ထိရောက်အောင်မြင်လျှင် မိမိတိုင်းရင်းသားများအချင်းချင်း အပြန်အလှန် ကူးလူးဆက်သွယ်မှု ပိုမိုကောင်းမွန်လာပြီး အပြန်အလှန် ပူးပေါင်းထိတွေ့မှု၊ ဆောင်ရွက်မှုများပြားကာ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်လာမည်ဖြစ်၍ မိမိနိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားလူမျိုးများအားလုံး စီးပွားရေးဘဝ၊ လူနေမှုဘဝ တိုးတက်မြင့်မားပြီး အဆင့်အတန်းရှိရှိ နေထိုင်စားသောက်နိုင်စေရန် စိတ်အေးချမ်းလုံခြုံစွာ ကူးလူးသွားလာနိုင်စေရန်၊ ခေတ်နှင့်အညီ ကုန်စည်ကူးသန်းရောင်းဝယ်စေရန်ဆိုသည့် မွန်မြတ်သောစေတနာဖြင့် ကိုယ့်ခွန်ကိုယ့်အားကို အရင်းခံပြုပြီး ပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ နိုင်ငံ့ဝန်ထမ်းများ၏ တီထွင်ကြံဆ ကြိုးစားအားထုတ်မှုများကို အခြေပြုကာ တစိုက်မတ်မတ် မနားမနေ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့ဖွင့်လှစ်သည့် ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းသစ် ထပ်မံပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

အထောက်အကူပြု

ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်းသည် မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အရှည် ၂၂ ဒသမ ၇၂မိုင်ရှိကာ ရခိုင်ပြည်နယ်၏ ဒုတိယအကြိမ် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့်

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် အထူးရထားဖြင့် အောင်ဖြူပြင်ဘူတာအထိ လိုက်ပါစီးနင်းလျက် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

- မိုးနဲ-ကျိုင်းတုံ ရထားလမ်း
- စစ်တွေ-အမ်း-မင်းဘူး ရထားလမ်း
- ပုသိမ်-ရန်ကုန်(လှိုင်သာယာ)
- ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော
- ဟသ်ာတ-ညောင်တုန်း

ဖြစ်ကြောင်း။

* ရှေ့ဖုံးမှ

ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့နှင့် ရခိုင်ရိုးရာ မင်္ဂလာစည်တော်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခြေခံလိုအပ်ချက်

အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်ပယ်ကဏ္ဍစုံတွင် စီမံကိန်းများ စနစ်တကျချမှတ်ပြီး ဆောင်ရွက်လျက်ရှိရာ နယ်မြေဒေသ တစ်ခုနှင့်တစ်ခု အကန့်အသတ်မရှိ ဆက်သွယ်သွားလာနိုင်သော လမ်းပန်းဆက်သွယ်ရေးကွန်ရက်သည် အခြေခံလိုအပ်ချက်ဖြစ်သည်ကို တွေ့ရှိရကြောင်း။

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးသည့် အခြေခံကောင်

အကျိုးရှိစွာ အသုံးချပြီး မိမိတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားအောင် ဆေ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ **“လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်းဟာ ပြည်သူတွေရဲ့ လူမှုစီးပွားရေးအတွက် အထောက်အကူဖြစ်သလို ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကူးလူးဆက်သွယ်သွားလာနိုင်တဲ့ သွေးစည်းညီညွတ်ရေးဆိုင်ရာ အဆောက်အအုံတွေလည်း ဖြစ်တယ်”** ဟူသည့် လမ်းညွှန်မှာကြားချက်နှင့်အညီ နိုင်ငံတော်၏ ပထဝီအနေအထားအရ ရေမြေခြားနားနေမှုကို တစ်ဆက်တစ်စပ်တည်းဖြစ်ရအောင် ပြည်ထောင်စုအတွင်း နယ်စပ်ဒေသများပါမကျန် လမ်းတံတားများ အပါအဝင် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို မဟာဗျူဟာကျကျ အကွက်ချပြီး

ရထားလမ်းပိုင်းပဲဖြစ်ကြောင်း၊ ခရီးသွားပြည်သူလူထုအတွက် မြန်မြန်အသုံးပြုနိုင်စေရန် ဖောက်လုပ်ပြီးစီးလျှင် ပြီးစီးသလောက် ဖွင့်လှစ်ပြေးဆွဲပေးနေခြင်းဖြစ်ကြောင်း၊ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းသည် ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်းရှိ မကွေးတိုင်း မင်းဘူးမြို့မှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ဆက်သွယ်သည့် ရထားလမ်းစီမံကိန်းဖြစ်ပြီး အဆိုပါ ရထားလမ်းသည် ခရီးမိုင် ၂၅၇မိုင်ခန့်ရှိကာ ဥမင်လိုဏ်ခေါင်းများ၊ တံတားကြီးများဖြင့် ဆင်ခေါင်း-ပဒါန်း-နတ်ရေကန်တောင်-အမ်း-မင်းပြား-မြောက်ဦး-ကျောက်တော်မြို့များသို့ ဖြတ်သန်းသွားမည်ဖြစ်ပြီး ဖောက်လုပ်ပြီးစီးပါက ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများသည် မြန်မာနိုင်ငံရှိ ဒေသအသီးသီးသို့ လွယ်ကူချောမွေ့စွာဖြင့် သွားလာနိုင်ပြီး ကုန်ပစ္စည်းများ ပို့ဆောင်နိုင်ကြမည်ဖြစ်၍ စီးပွားရေး၊ လူမှုရေးအပါအဝင် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း။

ရထားလမ်းတစ်လျှောက် ဘူတာပေါင်း (၅၁)ဘူတာ ပါဝင်မည်ဖြစ်ပြီး တံတားကြီး၊ ငယ်ပေါင်း ၁၂၈၅စင်းကို တည်ဆောက်သွားရန် ရှိကြောင်းကိုလည်း အသိပေး ပြောကြားလိုကြောင်း။

ရထားလမ်းသစ်စီမံကိန်းများ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တိုင်းနှင့်ပြည်နယ်များ၏ လူမှုရေး၊ စီးပွားရေးဘဝ တိုးတက်လာစေရန် ရထားလမ်းများကို ကွန်ရက်သဖွယ်ဖောက်လုပ်ရန် လမ်းညွှန်ထားပြီးဖြစ်ကြောင်း၊ အဆိုပါ ရထားလမ်းသစ် စီမံကိန်းများမှာ-

-	ကြံခင်း-ပခုက္ကူ ရထားလမ်း	၃၂၀	မိုင်
-	ကသာ-ဗန်းမော် ရထားလမ်း	၉၈	မိုင်
-	ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်း	၉၅	မိုင်
-	ထားဝယ်-မြိတ် ရထားလမ်း	၁၃၂	မိုင်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဝန်ကြီး ဦးစိုးသိန်း၊ ဝန်ကြီး ဦးသိန်းဆွေနှင့် ဝန်ကြီး ဦးအောင်မင်းတို့ ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ထို့အပြင် နေပြည်တော်မှ ကယားပြည်နယ်သ
နေပြည်တော်တပ်ကုန်းမှ ပင်လောင်းရထားလမ်း
ရက်နေ့က စတင်ဖောက်လုပ်နေပြီဖြစ်ကြောင်း။

ဆောင်ရွက်ဆဲစီမံကိန်းအသစ် (၁၀)ခုရှိပြီး ခ
ဖြစ်ကြောင်း၊ စုစုပေါင်း မိုင် ၁၄၉၀အနက်မှ မိုင်၂၇
ဖွင့်လှစ်ရန် ကျန်ရှိနေသည့် ရထားလမ်းများကိုလ
သွားမှာဖြစ်ကြောင်း။

များမကြာမီကာလတွင် တိုင်းနှင့်ပြည်နယ်အ
အမျိုးသားမီးရထားကွန်ရက် (National Railway
လာတော့မှာဖြစ်ကြောင်း။

ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားစတင်ပြေးဆွဲစဉ်။



ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် အထူးရထားဖြင့် အောင်ဖြူပြင်ဘူတာအထိ လိုက်ပါစီးနင်းလျက် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

- မိုးနဲ-ကျိုင်းတုံ ရထားလမ်း ၂၂၆ မိုင်
- စစ်တွေ-အမ်း-မင်းဘူး ရထားလမ်း ၂၅၇ မိုင်
- ပုသိမ်-ရန်ကုန်(လှိုင်သာယာ) ၈၉ မိုင်
- ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော) ၁၂၀ မိုင်
- ဟင်္သာတ-ညောင်တုန်း ၄၈ မိုင်

ဖြစ်ကြောင်း။

အကျိုးဖြစ်ထွန်း

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယနေ့ဆိုလျှင် မြန်မာနိုင်ငံမြောက်ပိုင်း မြစ်ကြီးနားမြို့မှ တောင်ပိုင်း ထားဝယ်မြို့အထိလည်းကောင်း၊ အရှေ့ဘက် မိုးနဲမြို့မှ အနောက်ဘက် ကလေးမြို့အထိလည်းကောင်း ရထားလမ်းခရီးများ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီးဖြစ်သကဲ့သို့ အရှေ့တောင်ဘက် လှိုင်ကော်မြို့အထိပါ ရထားလမ်းခရီးဖြင့် သွားလာနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းဖောက်လုပ်ထားရန် စီမံထားပြီးဖြစ်၍ အဆိုပါလမ်းကို ဧရာဝတီမြစ် အနောက်ဘက်ရှိ ကြံခင်း-ပခုက္ကူ ရထားလမ်းနှင့် ဆက်စပ်လိုက်ပါက ဧရာဝတီအရှေ့ခြမ်းနှင့် အနောက်ခြမ်းဒေသများမှ နေပြည်တော်အထိ တစ်ဆက်တစ်စပ်တည်း ရထားလမ်းခရီး ဖြစ်ထွန်းလာမှာဖြစ်ကြောင်း၊ ယခင်က ရထားလမ်းခရီးမပေါက်ခဲ့သည့် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်း၊ မကွေးတိုင်း အထက်ပိုင်းနှင့် စစ်ကိုင်းတိုင်းတို့ကို ရထားလမ်းသစ်များ တိုးချဲ့ပေးနိုင်ခဲ့၍ ခရီးသွားလာခြင်း၊ ကုန်စည်ပို့ဆောင်ခြင်းများကို ဆောင်ရွက်နိုင်ကြသကဲ့သို့ ရထားလမ်းဖြတ်သန်းသွားရာ မြို့၊ ရွာများက ဒေသခံပြည်သူများစွာအတွက်ပါ အကျိုးဖြစ်ထွန်းမှု ရရှိစေမှာဖြစ်ကြောင်း။

နိုင်ငံတကာတွင် ပြောင်းလဲတိုးတက်လာသော နည်းပညာသစ်များနှင့်အတူ သယ်ယူပို့ဆောင်ရေးကဏ္ဍသစ်များလည်း တိုးတက်ပြောင်းလဲလာခဲ့သည်ဟု ဆိုရမှာဖြစ်သော်လည်း ရထားပို့ဆောင်ရေးသည် အားထားနေရဆဲဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်အဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးတွင် အဓိက အရေးပါနေဆဲဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုအဆင်ပြေ ချောမွေ့မြန်ဆန်ပြီး ဘေးအန္တရာယ်ကင်းစွာ သွားလာနိုင်စေရန် နိုင်ငံတော်ကအလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

အဆင့်မြှင့်တင်

ရထားပို့ဆောင်ရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရထားလမ်းဟောင်းများ ပြုပြင်အဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်များဖောက်လုပ်ခြင်း၊ အဓိကကျသော လမ်းခရီးများတွင် တစ်လမ်းသွားအဆင့်က နှစ်လမ်းသွား ဒွေးလမ်းအဆင့် တိုးမြှင့်ခြင်း၊ ဘူတာရုံအသစ်များ တိုးချဲ့ခြင်းနှင့် မြို့ကြီးများက ဘူတာရုံကြီးများကို နိုင်ငံတကာ အဆင့်မြှင့်တင်တည်ဆောက်ခြင်းများ ဆောင်ရွက်ပေးခဲ့၍ ၁၉၈၈ခုနှစ်မတိုင်မီက မြန်မာနိုင်ငံတွင် ရထားလမ်းခရီးမိုင်ပေါင်း ၁၉၇၆မိုင်၊ ဘူတာရုံပေါင်း ၄၈၇ရုံရှိခဲ့ရာမှ ယခုဆိုလျှင် ရထားလမ်းခရီးမိုင် ၃၄၃၃မိုင်နှင့် ဘူတာရုံပေါင်း ၈၇၅ရုံ ရှိလာပြီဖြစ်၍ ရထားလမ်းခရီးမိုင်ပေါင်း ၁၄၅၇မိုင်နှင့် ဘူတာရုံပေါင်း ၃၈၈ရုံ တိုးတက်တည်ဆောက်ပေးခဲ့ကြောင်း၊ ထို့အပြင် စက်ခေါင်းတွဲ၊ ရထားတွဲနှင့် ကုန်စည်တွဲများ တိုးချဲ့ခြင်း၊ ကိုယ်ပိုင်တည်ဆောက်ခြင်းနှင့် အရည်အသွေး အဆင့်မြှင့်တင်ခြင်းများကိုပါ ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံ၏ ပထဝီအနေအထားအရ တောင်တန်းများတည်ရှိခြင်း၊ တောထူထပ်ခြင်းနှင့် မြစ်ချောင်းများပေါများခြင်းတို့ကြောင့် ယခင်ခေတ်ကာလ အဆက်ဆက်တွင် မော်တော်ယာဉ်များ အသုံးပြုသွားလာနိုင်သည့်လမ်းများ ဒေသတွင်းသွားလာနိုင်မှုမရှိခြင်း၊ ရှိပြီးလမ်းများမှာလည်း ရာသီဥတုနှင့် သဘာဝအတားအဆီးများ၏ ကန့်သတ်ချက်များကြောင့် အချိန်ရာသီမရွေး သွားလာနိုင်ခြင်းမရှိခဲ့ဘဲ အဟန့်အတား အခက်အခဲများဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရကြောင်း။

တိုးတက်လာ

တပ်မတော်အစိုးရလက်ထက်တွင် ကားလမ်းပို့ဆောင်ရေးကဏ္ဍကို ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကျေးရွာချင်းဆက်လမ်း၊ မြို့ချင်းဆက်လမ်း၊ ခရိုင်ချင်းဆက်လမ်း၊ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာနိုင်ရန် ပြည်နယ်နှင့်တိုင်း ဆက်သွယ်သွားလာနိုင်သည့် လမ်းများနှင့် ပြည်ထောင်စုလမ်းမကြီးများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အပြင် နယ်စပ်ဒေသလမ်းများနှင့် ဖွံ့ဖြိုးရေးလမ်းများကိုပါ အရှိန်အဟုန်ဖြင့် အကွက်ချဖောက်လုပ်ပေးခဲ့ကြောင်း၊ ၁၉၈၈ခုနှစ်မတိုင်မီက ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ မြေသားလမ်း စုစုပေါင်းလမ်းမိုင် နှစ်သောင်းကျော်သာရှိခဲ့ရာမှ ယခုအခါ မိုင် ခုနစ်သောင်းကျော်အထိ တိုးတက်လာခဲ့ပြီဖြစ်ကြောင်း။

လမ်းများနှင့်အတူ တံတားကြီးများကို ဆက်စပ်တည်ဆောက်ခဲ့သည့်အတွက် အဓိက မြစ်ကူးတံတားကြီးများအပါအဝင် တံတားကြီး၊ ငယ်ပေါင်း မြောက်မြားစွာ တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ တံတားများ အသစ်တည်ဆောက်ပေးသကဲ့သို့ ရှိပြီးတံတားများကိုလည်း တိုးတက်လာသော ကုန်စည်ပို့ဆောင်မှုနှင့်အညီ အသုံးပြုနိုင်ရန် တံတားများ၏ ခံနိုင်ဝန်ကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း။

လေကြောင်းဆက်သွယ်ရေး ကဏ္ဍတွင်လည်း လေယာဉ်ကွင်းသစ်များ တည်ဆောက်ခြင်း၊ မူလရှိပြီး လေယာဉ်ကွင်းများကို အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးခဲ့သည့်အတွက် ယခုအခါတွင် အပြည်ပြည်ဆိုင်ရာလေဆိပ် နှစ်ခုအပါအဝင် လေယာဉ်ကွင်းပေါင်း (၇၀)ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ခရီးသည်များ အချိန်တိုအတွင်းတွင် မိမိတို့လိုရာခရီးကို ရောက်ရှိခြင်းဖြင့် စီးပွားရေး၊ လူမှုရေးဆိုင်ရာ လုပ်ငန်းများအတွက် လိုအပ်သည့်အချိန်ကို ပိုမိုအကျိုးရှိစွာ အသုံးချနေနိုင်ကြပြီဖြစ်ကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းသည် ကြံခင်း - ပခုက္ကူ ရထားလမ်းပိုင်းရှိ မကွေးတိုင်း မင်းဘူးမြို့မှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ဆက်သွယ်သည့် ရထားလမ်းစီမံကိန်းဖြစ်ပြီး အဆိုပါ ရထားလမ်းသည် ခရီးမိုင် ၂၅၇မိုင်ခန့်ရှိကာ ဥမင်လိုဏ်ခေါင်းများ၊ တံတားကြီးများဖြင့် ဆင်ခေါင်း-ပဒါန်း-နတ်ရေကန်တောင်-အမ်း-မင်းပြား-မြောက်ဦး-ကျောက်တော်မြို့များသို့ ဖြတ်သန်းသွားမည်ဖြစ်ပြီး ဖောက်လုပ်ပြီးစီးပါက ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများသည် မြန်မာနိုင်ငံရှိ ဒေသအသီးသီးသို့ လွယ်ကူချောမွေ့စွာဖြင့် သွားလာနိုင်ပြီး ကုန်ပစ္စည်းများ ပို့ဆောင်နိုင်ကြမည်ဖြစ်၍ စီးပွားရေး၊ လူမှုရေး အပါအဝင် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်။

...ပးသည့် အခြေခံကောင်းများ ...တက်မြင့်မားအောင် ဆောင်ရွက်

ထို့အပြင် နေပြည်တော်မှ ကယားပြည်နယ်သို့ တိုက်ရိုက်သွားလာနိုင်ရန် နေပြည်တော်တပ်ကုန်းမှ ပင်လောင်းရထားလမ်း ၁၀၅မိုင်ကို ၁၃-၅-၂၀၁၀ ရက်နေ့က စတင်ဖောက်လုပ်နေပြီဖြစ်ကြောင်း။

ဆောင်ရွက်ဆဲစီမံကိန်းအသစ် (၁၀)ခုရှိပြီး ခရီးမိုင်စုစုပေါင်း မိုင် ၁၄၉၀ ဖြစ်ကြောင်း၊ စုစုပေါင်း မိုင် ၁၄၉၀အနက်မှ မိုင်၂၇၀ကို ဖွင့်လှစ်ပြီးဖြစ်ကြောင်း၊ ဖွင့်လှစ်ရန် ကျန်ရှိနေသည့် ရထားလမ်းများကိုလည်း ဖောက်လုပ်ဖွင့်လှစ်ပေးသွားမှာဖြစ်ကြောင်း။

များမကြာမီကာလတွင် တိုင်းနှင့်ပြည်နယ်အားလုံး ဆက်သွယ်ထားသည့် အမျိုးသားမီးရထားကွန်ရက် (National Railway Network) ကြီး ဖြစ်ပေါ်လာတော့မှာဖြစ်ကြောင်း။

ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်းသစ်တွင် ရထားစတင်ပြေးဆွဲစဉ်။

(သတင်းစဉ်)

မင်းဘူး-အမ်း-စစ်တွေရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

တည်ဆောက်ပေးခဲ့

အလားတူပင် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ၌ ယခင်က အပြည်ပြည်ဆိုင်ရာ သင်္ဘောကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတား ၁၃ခုရှိခဲ့ရာမှ ယခုဆိုလျှင် ၂၆ခုအထိ တိုးတက်လာသည့်အပြင် နိုင်ငံတကာအဆင့်မီ ကုန်သေတ္တာစခန်းသုံးခု တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေခဲ့ရသည့် နေရာဒေသက ဒေသခံပြည်သူများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံး သွားရေး၊ လာရေး လွယ်ကူစေပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေခံများပါ တိုးမြှင့်လာစေရန်ဆိုသည့် စိတ်ရင်းစေတနာအမှန်ဖြင့် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ရထားပို့ဆောင်ရေး၊ ကားလမ်းပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေးနှင့် လေကြောင်းပို့ဆောင်ရေးတို့ကို ငွေကြေးနှင့် လူအင်အား၊ စက်ယန္တရားအင်အားနှင့် အတတ်ပညာများစွာ ရင်းနှီးမြှုပ်နှံပြီး ကြိုးစားတည်ဆောက်ပေးနေခြင်းသည် သာမန်စေတနာမျိုး၊ သာမန်အားထုတ်မှုမျိုး မဟုတ်ဘူးဆိုသည်ကို ဒေသခံပြည်သူများ သိမြင်နားလည် သဘောပေါက်ကြစေရန် ပြောကြားလိုကြောင်း။

လက်တွေ့အကောင်အထည်ဖော်

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်စေရအောင် ပြည်တွင်းပြည်ပ အဖျက်အမှောင့် အဟန့်အတားအနှောင့်အယှက်အဖုံဖုံကို ကျော်လွှားပြီး ကိုယ့်အင်ကိုယ့်အားဖြင့် ကြိုးစားအားထုတ်ဆောင်ရွက်ပေးခြင်းသည် မိမိနိုင်ငံသူ နိုင်ငံသားများ၏အကျိုးကို ဖော်ဆောင်ပေးလိုသည့် စိတ်ဆန္ဒကို လက်တွေ့အကောင်အထည်ဖော်ပေးနေခြင်းဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားရေးဘဝ မြင့်မားလာစေရေးကို ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းတည်ဆောက်ရာတွင် တိုးတက်ဖြစ်ထွန်းမှုအဖုံဖုံ ရရှိဖြစ်ထွန်းနေသည်ကို တိတိကျကျ ခိုင်မာသည့် ကိန်းဂဏန်းများအရရောမငြင်းကွယ်နိုင်သည့် ကိုယ်တွေ့မျက်မြင် ဖြစ်ထွန်းမှုများအရပါ မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းအပါအဝင် ရထားလမ်းများသည် မိမိတိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်မြင့်မားရေးနှင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ညီညွတ်မျှတ သဟဇာတဖြစ်အောင် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဘက်ဘက်မှ စီမံကြိုးပမ်း ဆောင်ရွက်ပေးနေသည့် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့် စေတနာ၊ မှန်ကန်သည့် ရပ်တည်ချက်တို့မှ ပေါက်ဖွားလာသည့် အကျိုးရလဒ်ကောင်းများဖြစ်သည်ဟု ခံယူပြီး ယင်းဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို ထိရောက်အကျိုးရှိစွာ အသုံးချလျက် မိမိတို့၏ လူမှုစီးပွားရေးဘဝ သာယာဝပြော တိုးတက်မြင့်မားစေရအောင် သားစဉ်မြေးဆက်တိုင် ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

နိဂုံးချုပ်အနေဖြင့် ယနေ့ ပေါ်ထွန်းလာသည့် မင်းဘူး-အမ်း-စစ်တွေ ရထားလမ်း၏ အစိတ်အပိုင်းဖြစ်သည့် ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်း အရှည်တည်တံ့ခိုင်မြဲရေးနှင့် ဘေးကင်းလုံခြုံစေရန်အတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ခရီးသွားပြည်သူများနှင့် ရထားလမ်းဖြတ်သန်းရာ မြို့၊ ရွာအသီးသီးက ပြည်သူများအားလုံးက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြပါရန် မှာကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက အမှာစကားပြောကြားရာ၌ ယနေ့ ဖွင့်လှစ်သည့် ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်းသည် မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းမကြီးတွင်ပါဝင်ပြီး အရှည်မိုင် ၂၂ ဒသမ ၇၂မိုင်ရှိသည့် လမ်းပိုင်းဖြစ်ကြောင်း၊ ရထားလမ်းတစ်လျှောက်တွင် ကျေးရွာပေါင်း ၂၀ကျော်ကို ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်သည့်အတွက် မြို့နေလူထုသာမက ကျေးရွာသူ၊ ကျေးရွာသားများပါ ဤရထားလမ်းမကြီးကို အသုံးပြုပြီး တစ်နေရာမှတစ်နေရာ သွားလာဆက်သွယ်နိုင်မှာဖြစ်၍ အချင်းချင်း ချစ်ခင်ရင်းနှီးပြီး လူမှုစီးပွားရေးအခြေအနေများ ကောင်းမွန်တိုးတက်လာတော့မှာ ဖြစ်ကြောင်း။

လမ်းညွှန်ခဲ့

နိုင်ငံတော်အကြီးအကဲက **“နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးက အခြေခံကျသဖြင့် လမ်းများဖောက်၊ တံတားများ တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်လာစေချင်ကြောင်း၊ ဒေသတစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာရေး လွယ်ကူမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း”** လမ်းညွှန်ခဲ့ပါကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရခိုင်ရိုးမနှင့် ဘင်္ဂလားပင်လယ်အော်ကြား မြစ်၊ ချောင်း၊ လျှိုမြောင် ပေါများပြီး ရှုပ်ထွေးထူထပ်သည့် ရခိုင်ပြည်နယ်ကြီးကို သွားလာမှုလွယ်ကူစေရန်၊ အမ်းတောင်ကြားလမ်း၊ တောင်ကုတ်တောင်ကြားလမ်းနှင့် ဂွ-ငါးသိုင်းချောင်းလမ်း စသည့် လမ်းသွယ်သုံးခုကို အဆင့်မြှင့်တင် ချဲ့ထွင်လမ်းဖောက်ပြီး တံတားကြီး၊ တံတားငယ် ၁၆၀၀ကျော်နှင့် ကားလမ်းများကို ပထမဦးစွာ ကြိုးစားတည်ဆောက်ပေးခဲ့ကြောင်း၊ ယခင်က ရခိုင်ပြည်နယ်အတွင်း ကားလမ်းမိုင် အရှည် (၄၈၄/၆)မိုင်သာရှိခဲ့ရာမှာ ယခုချိန်တွင် (၁၁၀၀/၃)မိုင်ကျော် ရှိခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် ရန်ကုန်-စစ်တွေလမ်းမကြီးနှင့် မဆက်သွယ်နိုင်သေးသည့် မြို့သုံးမြို့အတွက် ရသေ့တောင်-ပုဏ္ဏားကျွန်း (၂၂/၆)မိုင်၊ မြေပုံ-မင်းပြား (၂၄/၇)မိုင်နှင့် ပေါက်တော-မင်းပြား (၂၀/၆)မိုင်ကိုလည်း ကားလမ်းများ ဖောက်လုပ်နေပြီဖြစ်ကြောင်း၊ ဤအထဲတွင် ချင်းပြည်နယ်ကပါဝင်သည့် ပလက်ဝမြို့ကိုလည်း ရန်ကုန်-စစ်တွေ ကားလမ်းမကြီးနှင့် ဆက်သွယ်နိုင်ရန် အရှည် (၄၂/၅)မိုင် ရှိသည့် ပလက်ဝ-ကျောက်တော်လမ်းကိုလည်း ဖောက်လုပ်နေပြီဖြစ်ကြောင်း။

အောင်မြင်မှုရရှိ

ယခုကဲ့သို့ ကားလမ်းကြီး/ငယ်အသွယ်သွယ် ဖောက်လုပ်နေသော်လည်း မိုးဒဏ်လေဒဏ်ပြင်းထန်သည့် ရာသီဥတုကြောင့် ကားလမ်းကြောင်းများ မကြာခဏ ပျက်စီး၍ စဉ်ဆက်မပြတ် ပြုပြင်နေရဆဲဖြစ်ကြောင်း၊ ဤသို့သော အခက်အခဲများကြားတွင် နိုင်ငံတော်အကြီးအကဲက ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်အတွက် စစ်တွေ-အမ်း-မင်းဘူး ရထားလမ်းကြီးကို ၂၀၀၉ခုနှစ်မှ စတင်ခွင့်ပြုဆောင်ရွက်စေခဲ့၍ ယနေ့ လက်တွေ့ရထားလမ်းဖွင့်ပွဲ ဆင်နွှဲနိုင်သည်အထိ အောင်မြင်မှုရရှိခဲ့ပြီဖြစ်ကြောင်း။

ယနေ့ထိ ပထမပိုင်းပြီးစီးခဲ့သည့် စစ်တွေမြို့ ပြည်တော်သာ၊ ရေချမ်းပြင်ရထားလမ်း (၁၁ ဒသမ ၄၆)မိုင်သည် သဲဆန်ကုန်းကြောကို တာဖို့တည်ဆောက်ခဲ့ရသကဲ့သို့ ယခုဖွင့်လှစ်သည့် ဒုတိယပိုင်း ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်း ၂၂ဒသမ ၇၂မိုင်သည်လည်း သဲဆန်ကုန်းကြောများ သာမက ချောင်း၊ မြောင်း၊ လျှိုမြောင်များနှင့် ကုလားတန်မြစ် အနောက်ဘက်ကမ်းမှာရှိသည့် ကျောက်တောင်ကုန်းတန်းကို ဖြတ်သန်းဖောက်ရသည့်အတွက် အခက်အခဲများစွာ ရှိခဲ့ကြောင်း၊ ဤဒုတိယလမ်းပိုင်းကို ၁-၁၀-၂၀၀၉မှ စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး အချိန်ကာလအားဖြင့် ယနေ့ထိ ခုနစ်လခန့်သာရှိသည့်အတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့မီးရထားအကြီးအကဲများနှင့် လုပ်သားများ၊ ကူညီပံ့ပိုးကြသည့် ကုမ္ပဏီများနှင့် ဒေသခံ မိဘပြည်သူများ၏ ညီညွတ်သည့်လုပ်အားနှင့် မွန်မြတ်သည့် စေတနာများကို သက်သေအဖြစ်ပြလိုက်ခြင်းပင်ဖြစ်ကြောင်း။

ယခုကဲ့သို့ စစ်တွေ-အမ်း-မင်းဘူးရထားလမ်းကြီးကို အပိုင်းလိုက် ဖောက်လုပ်သည့်နေရာတွင် ယခုဖောက်လုပ်ပြီးသည့် စစ်တွေမြို့ ပြည်တော်သာ၊ ရေချမ်းပြင်လမ်းပိုင်းနှင့် ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ်လမ်းပိုင်းကြားမှာ ကြီးမားကျယ်ပြန့်သည့် ရေနက်ကွင်းနှင့် မင်းချောင်းကို တံတားတည်ဆောက်ပြီး ဖောက်လုပ်ရမည့်အပိုင်းတစ်ခု ကျန်ရှိကြောင်း၊ ဤလုပ်ငန်းကိုလည်း ယခုနှစ် မိုးမကျမီမှာပင် တာပေါင်များ ရနိုင်သလောက်တည်ဆောက်ဖောက်လုပ်လျက်ရှိကြောင်း။

မြန်မာ့မီးရထား စစ်တွေ-အမ်း-မင်းဘူးလမ်းစီမံကိန်းအင်ဂျင်နီယာများနှင့် ပူးပေါင်းဆောင်ရွက်ကြသည့် ကုမ္ပဏီများသည် ရထားလမ်းကြောင်း ကောင်းမွန်စွာ ဖောက်လုပ်ပေးရုံသာမက ခရီးလမ်းတစ်လျှောက်မှာရှိသည့် ကျေးရွာများ သောက်သုံးရေ ဖူလုံစေရေးအတွက် စစ်တွေမြို့နယ်အတွင်းမှာ ရေကန် ခြောက်ကန်၊ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းတွင် ရေကန် ၁၈ကန်နှင့် လျှိုပိတ်ဆည် တစ်ခု၊ ကျောက်တော်မြို့နယ်အတွင်းတွင် ရေကန် ရှစ်ကန် စုစုပေါင်း သောက်သုံးရေကန် ၃၂ကန်နှင့် လျှိုပိတ်ဆည် တစ်ခုကို ပြည်သူ့အကျိုးပြု ဆောင်ရွက်ပေးခဲ့သည့်အတွက် ဒေသခံပြည်သူများအပေါ်ထားရှိသည့် စေတနာကို ထင်ရှားစွာ တွေ့မြင်နိုင်ကြောင်း။

ကူညီစောင့်ရှောက်

ယခုကဲ့သို့ နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးသည့် အခြေခံကောင်းများကို အကျိုးရှိစွာအသုံးချပြီး မိမိတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ဤရထားလမ်းကြီး အရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်း အားလုံး ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြပါဟု တိုက်တွန်းမှာကြားသည်။

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ်ရထားလမ်းပိုင်း ဖောက်လုပ်ရေးစီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် စစ်တွေ-အမ်း-မင်းဘူး ရထားလမ်း ၂၅၇ မိုင်ကို အမြန်ဆုံးဖောက်လုပ်ရန် တာဝန်ပေးအပ်ခြင်းခံရကြောင်း။

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ပြည်တော်သာ-စစ်တွေ-ရေချမ်းပြင် ရထားလမ်း ၁၂မိုင်ကို ၁၃-၂-၂၀၀၉ရက်နေ့မှ စတင်ဖောက်လုပ်ခဲ့ပြီး သုံးလအတွင်း ပြီးစီးခဲ့၍ ၁၉-၅-၂၀၀၉ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်းကို ၁-၁၀-၂၀၀၉ရက်နေ့တွင် စတင်ဖောက်လုပ်ခဲ့ရာ တံတားကြီး၊ ငယ်ပေါင်း အစင်း ၇၀၊ ဘူတာပေါင်း ခုနစ်ဘူတာ တည်ဆောက်ခဲ့ပါကြောင်း၊ ရထားလမ်းသည် အများဆုံး ကွေ့ဒီဂရီ ၆ ဒီဂရီ၊ ကွေ့ပေါင်း ၄၂ကွေ့နှင့် အများဆုံးဆင်ခြေလျှောမှာ ၁း၁၀၀ဖြစ်ကြောင်း၊ ဖောက်လုပ်ရန် ကျန်ရှိနေသေးသည့် လမ်းများကိုလည်း အပိုင်းလိုက် ဖောက်လုပ်ဖွင့်လှစ်နိုင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတစ်ဝန်း ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်၍ ခေတ်မီနိုင်ငံတော်ကြီးအဖြစ် ရောက်ရှိရေးအတွက် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားအနေဖြင့် (၁) ရထားလမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ (၂) အဆင့်မြှင့်တင်ခြင်း၊ (၃) လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ (၄) လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးစသည့် ရပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်းနှင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေလွယ်ကူချောမွေ့စေရေး အခန်းကဏ္ဍတွင် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဦးထိပ်ပန်ဆင်ပြီး တာဝန်ကျေပွန်စွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပုဏ္ဏားကျွန်းမြို့မှ ဦးဦးဖိုးသိန်းက ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်းသစ် ဖွင့်လှစ်ပေးခြင်းအတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မုခ်ဦးရှေ့သို့ သွားရောက်နေရာယူကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းတို့က ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြ သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်းတွင် စတင်ပြေးဆွဲမည့် အထူးရထားကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကြပြီး ရထားဖြင့်လိုက်ပါမည့် ခရီးသည်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးရထားဖြင့် အောင်ဖြူပြင်ဘူတာအထိ လိုက်ပါစီးနင်းကြပြီး ရထားလမ်းဖောက်လုပ်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ယခုဖွင့်လှစ်လိုက်သည့် ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ်လမ်းပိုင်းကို ၂၀၀၉ ခုနှစ် အောက်တိုဘာ ၁ရက်တွင် စတင်အကောင်အထည်ဖော် ဖောက်လုပ်ခဲ့ပြီး ခရီးမိုင်အရှည်မှာ ၂၂ဒသမ ၇၂မိုင်ရှိသည်။ လမ်းခရီးတွင် တံတားကြီး၊ ငယ်ပေါင်း အစင်း ၇၀ ကို တည်ဆောက်ပေးထားသည်။

ရပ်နားပေးမည်

လမ်းပိုင်းတစ်လျှောက်တွင် ကွမ်းတောင်ဘူတာ၊ ပုဏ္ဏားကျွန်းဘူတာ၊ အောင်ဖြူပြင်ဘူတာနှင့် ယိုးတရုတ်ဘူတာတို့၌ ရပ်နားပေးမည်ဖြစ်သည်။

အဆိုပါ ရထားလမ်းပိုင်းသည် မင်းဘူး-အမ်း-စစ်တွေ ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း၏ ဒုတိယပိုင်းအဖြစ် ဖောက်လုပ်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုစီမံကိန်းကြီး၏ ပထမဆုံးအပိုင်းဖြစ်သည့် ပြည်တော်သာ-စစ်တွေ-ရေချမ်းပြင်လမ်းပိုင်းကို ၂၀၀၉ခုနှစ် မေ ၁၉ရက်က ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပါဝင်သည့် ကုမ္ပဏီများသည် ယနေ့ ဖွင့်လှစ်ခဲ့သည့် ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်းကို ဖောက်လုပ်ပေးခဲ့သည့်အပြင် ရထားလမ်းတစ်လျှောက်ရှိ မြို့နှင့်ကျေးရွာများမှ ပြည်သူများအတွက် သောက်သုံးရေကန်များကိုလည်း တူးဖော်ပေးခဲ့ရာ ပုဏ္ဏားကျွန်းမြို့နယ်တွင် ရေကန် ၁၈ကန် တူးဖော်ပေးခဲ့၍ စုစုပေါင်းရေဂါလန် ၂၂သန်းကျော်ကို သိုလှောင်ထားနိုင်မည်ဖြစ်ပြီး ကျောက်တော်မြို့နယ်တွင်လည်း ရေကန်ရှစ်ကန်ကို တူးဖော်ပေးခဲ့၍ စုစုပေါင်း ရေဂါလန် ကိုးသန်းကျော်ကို သိုလှောင်ထားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ နေပြည်တော်၌ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၅

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအစည်းအဝေး (၁၈/၂၀၁၀)ကို မေ ၁၄ရက် ညနေက တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မင်းဇော် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်များ၊ တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မ·ထ·သ အဝေးပြေးနှင့် မြို့တွင်းတို့မှ ဥက္ကဋ္ဌများနှင့် ယာဉ်လိုင်းအသီးသီးမှ တာဝန်ခံများ တက်ရောက်ကြသည်။

အမှာစကား

ရှေးဦးစွာ ဒုတိယတိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူအသီးသီးက ဆွေးနွေးတင်ပြကြသည်။ တင်ပြချက်များနှင့်ပတ်သက်၍ ဒုတိယတိုင်းမှူးက ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။ (ခရိုင် ပြန်/ဆက်)

16-5 (10).pmd 1 5/16/2010, 2:41 AM

မကွေးတိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် မွန်ပြည်နယ်တို့၌ သောက်သုံးရေ လုံလောက်စွာရရှိစေရေးအတွက် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများပူးပေါင်း၍ လှူဒါန်းဝေငှ ကူညီဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၅

သောက်သုံးရေရှားပါးမှုနှင့် ရင်ဆိုင်နေရသည့် ဒေသများ၌ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်စီမံမှုဖြင့် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများပူးပေါင်း၍ သောက်သုံးရေလုံလောက်စွာရရှိစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

မကွေးမြို့နယ်

မကွေးတိုင်း မကွေးမြို့နယ်ရှိ ကန်လှကျေးရွာ၊ နွားကူးကျေးရွာ၊ ဒဟတ်ကန်ကျေးရွာ၊ စမ်းကန်ကျေးရွာ၊ သန်းတောကုန်းကျေးရွာများရှိပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် တာဝန်ရှိသူများ ဦးဆောင်၍ အဖွဲ့ပိုင်ရေသယ်ယာဉ်များနှင့် စေတနာရှင်ပြည်သူများ၏ ရေသယ်ယာဉ်များဖြင့် နေ့စဉ်ရေဂါလန် ၁၄၄၀၀ကို ဖြန့်ဝေပေးလျက်ရှိကြောင်း သိရှိရသည်။

သာစည်နှင့် နွားထိုးကြီးမြို့နယ်

အလားတူ မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော်နှင့် တာဝန်ရှိသူများသည် မေ ၁၄ ရက်တွင် သာစည်မြို့နယ် ကပ်ကျေးအင်းကျေးရွာနှင့် သမန်းကျားကျေးရွာ၊ တောင်သာမြို့နယ် မိုးနှောင်းခင်းကျေးရွာနှင့် နန်းမြင့်(နွားပြင်း)ကျေးရွာ၊ နွားထိုးကြီးမြို့နယ် မိုးကန်ကျေးရွာနှင့် ခက်လန်းကျေးရွာများရှိ ပြည်သူများသောက်သုံးရေ အဆင်ပြေစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေ ဖြန့်ဝေပေးနေမှုကို ကြည့်ရှုအားပေးပြီး သောက်သုံးရေလိုအပ်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ဖြန့်ဝေပေး

သာစည်မြို့နယ်တွင် ကျေးရွာပေါင်း ၂၄၅ ရွာ၊ တောင်သာမြို့နယ်တွင် ကျေးရွာပေါင်း ၂၄၃ ရွာ၊ နွားထိုးကြီးမြို့နယ်တွင် ကျေးရွာပေါင်း ၁၈၆ရွာရှိပြီး သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့များက ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းကာ သောက်သုံးရေအခက်အခဲ တွေ့ကြုံနေကြရသည့် ကျေးရွာများသို့ ကွင်းဆင်းသွားရောက်၍ အဖွဲ့ပိုင်ရေသယ်ယာဉ်များဖြင့် ကျေးရွာပြည်သူများအား သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရှိရသည်။

ပုသိမ်မြို့

ထို့အတူ ဧရာဝတီတိုင်း ပုသိမ်မြို့ပေါ်ရှိ ရပ်ကွက်များတွင် ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်ဖြင့် နေ့စဉ်သောက်သုံးရေ ဂါလန် ၄၀၀၀ခန့် ဖြန့်ဝေပေးလျက်ရှိရာ မေ ၁၄ရက်တွင် ပုသိမ်မြို့ အမှတ်(၁၄) ရပ်ကွက်အတွင်း သောက်သုံးရေဖြန့်ဝေပေးနေမှုများကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုက စနစ်တကျ ပေးဝေနိုင်ရေး ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပြီး ယင်းရပ်ကွက်အတွင်းရှိ မိုးရေလှောင်ကန်ခန်းခြောက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လာမည့်မိုးရာသီတွင် ရေပိုမိုသိုလှောင်နိုင်ရေးအတွက် ရေကန်ကြမ်းခင်းအနက် တူးဖော်ခြင်း၊ ကန်ပေါင်မြှင့်တင်ခြင်း ဆောင်ရွက်နိုင်ရန် လိုအပ်ချက်များ ညှိနှိုင်းပေးခဲ့ကြောင်း သိရှိရသည်။

ညောင်တုန်းနှင့် မအူပင်

အလားတူ ဧရာဝတီတိုင်းအတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်များ၊ မီးသတ်တပ်ဖွဲ့ပိုင်ရေသယ်ယာဉ်များ၊ စက်လှေများဖြင့်သောက်သုံးရေများ ပို့ဆောင်ပေးလျက်ရှိရာ မေ ၁၂ရက်တွင် ညောင်တုန်းမြို့နယ်အမှတ်(၉)နှင့် အမှတ်(၁၀)ရပ်ကွက်၊ မေ ၁၃ရက်တွင် တူးချောင်းကျေးရွာ၊ မိုးဟုတ်ကျေးရွာနှင့် ဝါးတောစွန်းကျေးရွာအုပ်စုမှ ကျေးရွာခုနစ်ရွာ၊ မေ ၁၄ရက်တွင် တာကွေ့ကျေးရွာနှင့် ဖောင်ရိုးချောင်းကျေးရွာများသို့ ရေဂါလန် ၁၆၀၀ကိုလည်းကောင်း၊ ဒေးဒရဲမြို့နယ် ကင်မွန်းကုန်းကျေးရွာနှင့် အလယ်ချောင်းဝကျေးရွာများသို့ သောက်သုံးရေဂါလန် ၃၂၀၀ကိုလည်းကောင်း၊ မအူပင်မြို့နယ် ငါးကျီးဂရက်ကျေးရွာသို့လည်းကောင်း သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရှိရသည်။

သုံးခွမြို့နယ်

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်နှင့် တာဝန်ရှိသူများသည် မေ ၁၄ရက်တွင် သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်(၁၂)ရပ်ကွက်ရှိ ပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် ဒေသအာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် ပြည်သူများပူးပေါင်း၍ ရေသယ်ယာဉ်ခြောက်စီးဖြင့် ရပ်ကွက်အလိုက် ရေဖြန့်ဝေပေးနေမှုကို ကြီးကြပ်ဆောင်ရွက်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့ရေပေးဝေနေသည့် မိုးရေလှောင်ကန် ခန်းခြောက်မှုအခြေအနေနှင့် စက်ယန္တရားကြီးများဖြင့် ကန်ပေါင်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မိုးမကျမီ ကန်ပတ်လည် မြေသားတာပေါင်အပြည့် မြှင့်တင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်း

ထို့အတူ ရန်ကုန်တိုင်းအတွင်း မြို့နယ်များရှိ ပြည်သူများသောက်သုံးရေ အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့များက အဖွဲ့ပိုင်ရေသယ်ယာဉ်များဖြင့် နေ့စဉ်ဖြန့်ဝေပေးလျက်ရှိရာ ကျောက်တန်း မြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေဂါလန် ၁၈၂၀၀၊ ခရမ်းမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာ ၁၂ရွာသို့ သောက်သုံးရေဂါလန် ၂၄၀၀၀၊ တွံတေးမြို့နယ်ရှိ ကျေးရွာလေးရွာသို့ သောက်သုံးရေဂါလန် ၆၄၀၀၊ သုံးခွမြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေဂါလန်၄၈၀၀၊ မှော်ဘီမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာသို့ သောက်သုံးရေဂါလန် ၅၆၀၀ကို ဖြန့်ဝေပေးလျက်ရှိကြောင်း သိရှိရသည်။

ကျိုက်မရော

အလားတူ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့သည် မေ ၁၄ရက်တွင် ကျိုက်မရောမြို့ရှိ အတ္တရံ၊ စက်ကုန်း၊ ထုံးဖို၊ မြို့မ ရေပေးရေးစက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေပြတ်လပ်မှုမရှိစေရေး၊ ရေဂါလန်တိုးမြှင့်ဖြန့်ဝေနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ရေဖြန့်ဝေ

ရန်ကုန်တိုင်း ခရမ်းမြို့နယ် ဒေးပေါက်ကျေးရွာတွင် စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်များဖြင့် ရေဖြန့်ဝေနေမှုကို ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (နယ်စပ်စည်ပင်)

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျိုက်မရောမြို့ပေါ်ရပ်ကွက်သုံးခုမှ ပြည်သူများသောက်သုံးရေလုံလောက်စွာ ရရှိစေရေးအတွက် ရေပေးရေး စက်ရုံလေးရုံ၊ အများသုံးအုတ်ရေကန် ၂၂ကန်၊ အများသုံးရေတိုင်သုံးတိုင်မှ နေ့စဉ် ရေဂါလန် ၃၅၀၀၀ကို ဖြန့်ဝေပေးလျက်ရှိကြောင်း သိရှိရသည်။

ယခု နွေနှောင်းပိုင်းကာလတွင် ရာသီဥတုပူပြင်းခြောက်သွေ့သဖြင့် ဒေသအချို့၌ သောက်သုံးရေ အခက်အခဲများ ဖြစ်ပေါ်ခဲ့ရာ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်စီမံမှုဖြင့် သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ ပူးပေါင်းလျက် သောက်သုံးရေရရှိရေး အထူးအလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေရယူသုံးစွဲနေ

သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ စံဖိတ်ကျေးရွာ စက်ရေတွင်းမှ ကျေးရွာအုပ်စုနေ အိမ်ထောင်စု ၃၂၀၊ လူဦးရေ ၁၂၀၀ခန့်တို့အတွက် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိအောင် ဆောင်ရွက်ပေးခဲ့ရာပြည်သူများ ရေရယူသုံးစွဲနေကြစဉ်။ (မြို့နယ်စည်ပင်)

သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် တွံတေးမြို့နယ်၌ ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၅

ရန်ကုန်တိုင်း တွံတေးမြို့နယ်၌ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စေတနာရှင်များ ပူးပေါင်း၍ အဝီစိတွင်းများတူးဖော်ပြီး ရေစုပ်စက်များတပ်ဆင်ကာ ကျေးရွာနေပြည်သူများသို့ သောက်သုံးရေများ အခမဲ့ဝေငှလှူဒါန်းလျက်ရှိရာ ပြသတိုက်ကျေးရွာအုပ်စုရှိ ပြသတိုက်ကျေးရွာ မူလတန်းလွန်ကျောင်းတွင် ရေဂါလန် ၈၀၀၀ ခန့်၊ ကျောင်းစုကျေးရွာ သဗ္ဗာန်ဆိပ်မူလတန်းကျောင်းတွင် ရေဂါလန် ၇၀၀၀ခန့်၊ ပြသတိုက်ဆေးခန်းတွင် ရေဂါလန် ၈၀၀၀ ခန့်၊ သဗ္ဗာန်ဆိပ်ကျေးရွာ ကျောင်းစုမူလတန်းကျောင်းတွင် ရေဂါလန် ၇၅၀၀ခန့်နှင့် တံခွန်တိုင်ကျေးရွာ မူလတန်းကျောင်းတွင် ရေဂါလန် ၇၅၀၀ခန့်ကို နေ့စဉ် ဝေငှလျက်ရှိသည်။

ပြန်လည်တူးဖော်

ထို့အတူ ခလုတ်ကျေးရွာအုပ်စုရှိ ခရက်ခရာကျေးရွာမူလတန်းကျောင်းတွင် ရေဂါလန် ၆၀၀၀ခန့်နှင့် ရန်ကြီးအောင် ကျေးရွာတောင်ပိုင်းတွင် ရေဂါလန်၈၀၀၀ခန့်ကိုလည်းကောင်း၊ ခလုတ်ကျေးရွာ အလယ်တန်းကျောင်းခွဲရှိ တုံကင်ရေတွင်းကို ပြန်လည်တူးဖော်ပြီး ရေစုပ်စက် တပ်ဆင်ကာ ရေဂါလန် ၈၀၀၀ခန့်ကိုလည်းကောင်း နေ့စဉ် ဝေငှ လှူဒါန်းလျက်ရှိသည်။

ထို့အပြင် ငှက်ပျောစမ်းကျေးရွာအုပ်စုရှိ အညာစုကျေးရွာ ရွာသစ်ကြီး မူလတန်းကျောင်းတွင် ရေဂါလန် ၇၀၀၀ခန့်၊ ရိုးကန့်လန့်ကျေးရွာ အလယ်ပိုင်းတွင် ရေဂါလန် ၈၀၀၀ခန့်ကို နေ့စဉ်ဝေငှ လှူဒါန်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေါင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပေါင်မြို့နယ်အတွင်း ရေရှားသော အောက်ကွင်းကျေးရွာများသို့ အဖွဲ့ပိုင်ရေကားဖြင့် ရေများသွားရောက်ဖြန့်ဝေပေးနေမှုကို အမှုဆောင်အရာရှိ ဦးကျော်လှက ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၁၇၆)

ကမ္ဘာ့ဖလားပုံရိပ်လွှာ

အိမ်ရှင်ပြင်သစ်တို့ ပထမဦးဆုံး ကမ္ဘာ့ဖလားကိုင်မြှောက်ခွင့်ရခဲ့တဲ့ပွဲ

ရေးသူ-မောင်မောင်မြင့်ဆွေ — စာမျက်နှာဖွဲ့စည်းမှု-လှိုင်လှိုင်သင်း (မြန်မာ့အလင်း)

ပါရီ မေ ၁၅

၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကိုတော့ ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါတယ်။ ပြင်သစ်အသင်းဟာ ဘောလုံးသမားကောင်းတွေရှိပေမယ့် ကျင်းပပြီးစီးခဲ့တဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ သမိုင်းတစ်လျှောက် တစ်ကြိမ်မျှ ဗိုလ်လုပွဲ မတက်ရောက်နိုင်ခဲ့တာမို့ အခုအိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့အခါ ဂုဏ်သိက္ခာမထိခိုက်အောင် ပြင်သစ်ဘောလုံးအသင်းကို ကြိုတင်ပြင်ဆင်မှုတွေ အချိန်ယူပြုလုပ်ခဲ့ပြီး ပါဝင်ဆင်နွှဲစေခဲ့ပါတယ်။

ဆွတ်ခူး

ပြင်သစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ ခြေစစ်ပွဲဝင်ခဲ့တဲ့အသင်း ၁၇၄ သင်းအထိရှိပြီး ခြေစစ်ပွဲအောင်တဲ့ ၃၂ သင်း ပါဝင် ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ကမ္ဘာ့ပရိသတ်တွေ စိတ်ဝင်စားစွာ စောင့်ကြည့်ခဲ့တဲ့ မျက်နှာသစ်ပြိုင်ပွဲဝင် အသင်းတွေကတော့ ဂျမေကာ၊ ဂျပန်နဲ့ တောင်အာဖရိကတို့ပဲ ဖြစ်ပါတယ်။ ဒီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ပြိုင်ပွဲဝင် ၃၂ သင်းက စုစုပေါင်း ၆၄ ပွဲ ယှဉ်ပြိုင်ခဲ့ကြပြီး နောက်ဆုံးဗိုလ်လုပွဲကို အိမ်ရှင်ပြင်သစ်နဲ့ လက်ရှိချန်ပီယံ ဘရာဇီးတို့ တက်ရောက်လာခဲ့ကြပါတယ်။ ဗိုလ်လုပွဲမှာ အိမ်ရှင်ပြင်သစ်တို့က အံ့သြဖွယ်ရာ သုံးဂိုးပြတ်နဲ့ အနိုင်ရရှိပြီး ကမ္ဘာ့ဖလားကြီးကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ကြပါတယ်။

သွင်းဂိုး

ပြိုင်ပွဲဝင် ၃၂သင်းက ကမ္ဘာ့ဖလားပြိုင်ပွဲတစ်လျှောက် စုစုပေါင်း သွင်းဂိုးဟာ ၁၇၁ဂိုးရှိခဲ့တာမို့ တစ်ပွဲချင်း ဂိုးသွင်းနှုန်းဟာ ၂ ဒသမ ၆၇ ဂိုးနှုန်း ရှိခဲ့ပါတယ်။ ဂိုးအများဆုံး သွင်းနိုင်ခဲ့တဲ့ အသင်းက အိမ်ရှင်ပြင်သစ်တို့ဖြစ်ပြီး စုစုပေါင်း ၁၅ ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ တစ်ဦးချင်းဂိုးအများဆုံးသွင်းပြီး ရွှေဖိနပ်ဆုရယူခဲ့တဲ့ ဘောလုံးသမားကတော့ ခရိုအေးရှား တိုက်စစ်မှူး ဒေဗာဆူကာ ဖြစ်ပါတယ်။ ဒေဗာဆူကာဟာ စုစုပေါင်း ခြောက်ဂိုးသွင်းနိုင်ခဲ့ပါတယ်။

ထင်သာမြင်သာ

၁၉၉၈ခုနှစ် ပြင်သစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှ စတင်ပြီး ပြိုင်ပွဲဝင်အသင်း ၂၄ သင်းကနေပြီး ၃၂သင်းအထိ ဖီဖာက တိုးမြှင့်သတ်မှတ်ခဲ့ပါတယ်။ ပထမဆုံးအကြိမ်အဖြစ် တောင်အမေရိက ခြေစစ်ပွဲကို သီးခြားကျင်းပနိုင်ခဲ့ပါတယ်။ ဒီကမ္ဘာ့ဖလားဘောလုံးပွဲတွေက စတင်ပြီး အချိန်ပိုထပ်ဆောင်းပေးတဲ့ အချိန်ကို ဒစ်ဂျစ်တယ်ဘုတ်နဲ့ ထင်သာမြင်သာဖြစ်အောင် ပြသမှုပြုလုပ်ခဲ့ပါတယ်။

ထူးဆန်း

ဒါ့အပြင် အချိန်ပို မိနစ် ၃၀ ကစားတဲ့အခါ အရင်ဂိုးသွင်းတဲ့ အသင်းကို ရွှေဂိုးသတ်မှတ်ပြီး အနိုင်ပေးခဲ့မှုစနစ်ကို စတင်ကျင့်သုံးခဲ့ပါတယ်။ အိမ်ရှင် ပြင်သစ်နဲ့ ဘရာဇီးတို့ရဲ့ ဗိုလ်လုပွဲမှာ ဘရာဇီး တိုက်စစ်မှူး ရော်နယ်ဒို ပြိုင်ပွဲမကစားမီ အချိန်မှာ ရုတ်တရက် ရှော့ခ်ဖြစ်ခဲ့တာကလည်း ထူးဆန်းတဲ့ အဖြစ်အပျက်တစ်ခုပါပဲ။

ရွှေဂိုး

ပြင်သစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲရဲ့ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲမှာ ပါရာဂွေးနဲ့ပြင်သစ်တို့ကစားတဲ့အခါ ပွဲချိန် မိနစ် ၉၀ အထိ သရေပွဲဖြစ်ပြီး အချိန်ပိုယှဉ်ပြိုင်ကစားတဲ့ ၁၁၃ မိနစ် အရောက်မှာ ပြင်သစ်ကစားသမား လောရင့်ဘလန့်က ရွှေဂိုးသွင်းယူပြီး နိုင်ပွဲရရှိခဲ့တာကြောင့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသမိုင်းမှာ လောရင့်ဘလန့်ဟာ ပထမဆုံး ရွှေဂိုးသွင်းယူတဲ့ ဘောလုံးသမားဖြစ်ခဲ့ပါတယ်။

ဒီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှာ နောက်ဆုံးဗိုလ်လုပွဲကစားမယ့် အားကစားကွင်းကို မဲနှိုက်ရွေးချယ်ရတဲ့အဖြစ်ကလည်း ကမ္ဘာ့ဖလားသမိုင်းမှာ ပထမဆုံးဖြစ်ရပ်ပါပဲ။ ပြင်သစ်ဘောလုံးကွင်းတွေဟာ အားလုံးအဆင့်အတန်းမြင့်မြင့်နဲ့ ကောင်းမွန်တာမို့ နောက်ဆုံးဗိုလ်လုပွဲကို မဲနှိုက်ရွေးချယ်တဲ့အခါ မာဆေးလ်မြို့က ဗီလိုဒလိုမီကွင်းမှာ ယှဉ်ပြိုင်စေခဲ့တာဖြစ်ပါတယ်။

အနီကတ်

ပြင်သစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲရဲ့ ပထမအကျော့ အုပ်စုပွဲစဉ်မှာ ပြင်သစ်နဲ့ ဆော်ဒီအသင်းတို့ ယှဉ်ပြိုင်ကစားတဲ့အခါ ဇီဒန်း ကြမ်းတမ်းစွာကစားလို့ အနီကတ်ပြ ထုတ်ပယ်ခံရပါတယ်။ ဒါကြောင့် ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲမှာ ဇီဒန်း ပါဝင်ခွင့် မရရှိခဲ့ပါဘူး။ ဒီကမ္ဘာ့ ဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲမှာ ဇီဒန်းဟာ ခေါင်းတိုက်သွင်းဂိုး နှစ်ဂိုးသွင်းပြီး ပြင်သစ်အသင်းကို ကမ္ဘာ့ဖလားဆွတ်ခူးစေခဲ့တာဟာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲသမိုင်းမှာ တစ်ဦးတည်း ခေါင်းတိုက် နှစ်ဂိုးသွင်းနိုင်သူအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

ဆေးကုသ

ပြင်သစ်ကမ္ဘာ့ဖလား ဘောလုံးပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲကို ဘရာဇီးတို့ တက်ရောက်ခွင့်ရတဲ့ ရက်ကတည်းက ဘရာဇီး ဘောလုံးသမားတွေ တည်းခိုတဲ့ ဟိုတယ်မှာ တိုက်စစ်မှူး ရော်နယ်ဒိုဟာ ညတိုင်း ကယောင်ချောက်ချားနဲ့ ကတုန်ကယင်တွေဖြစ်ဖြစ်နေလို့ ဆရာဝန်ခေါ်ပြီး ညတိုင်း ဆေးကုသမှုပေးနေရတာကလည်း ထူးခြားနေ ပြန်ပါတယ်။ နောက်ပြီး ဘရာဇီး တိုက်စစ်မှူးတွေဖြစ်တဲ့ ရိုမာရီယိုနဲ့ ရော်နယ်ဒိုတို့ နှစ်ဦးစလုံးဟာ ဒီကမ္ဘာ့ဖလား ပွဲဦးထွက် ကစားတဲ့ပွဲမှာကတည်းက ခြေထောက်ဒဏ်ရာတွေ အသီးသီးရရှိခဲ့တာမို့ ကမ္ဘာ့ဖလားပွဲပြီးတဲ့အထိ ကြံ့ခိုင်မှု ပြည့်ပြည့်နဲ့ တစ်ပွဲမှ မကစားနိုင်ခဲ့တာကလည်း မှန်းဆရခက်ခဲတဲ့ ဖြစ်ရပ်ပါပဲ။

တသသ

ပြဿနာတွေ၊ အခက်အခဲတွေ၊ ရှုံးနိမ့်မှုနဲ့ အောင်မြင်မှုတွေကြားကပဲ ဘရာဇီးက ရော်နယ်ဒို၊ ပြင်သစ်က ဇီဒန်း၊ အီတလီက ရောဘတ်တိုဘက်ဂီယိုတို့ဟာ ကမ္ဘာ့ဘောလုံးပရိသတ်တွေရဲ့ နှုတ်ဖျားမှာ တသသဖြစ်စေခဲ့တာကတော့ အမှန်ပါပဲ။ ။

ကိုးကား-အင်တာနက်

၁၉၉၈ ခုနှစ် ပြင်သစ်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အိမ်ရှင်ပြင်သစ် ဘောလုံးသမားများ နိုင်ပွဲရပြီး ကမ္ဘာ့ဖလားကို ကိုင်မြှောက်ကာ ဤသို့ ပျော်ရွှင်စွာအောင်ပွဲခံခဲ့ကြသည်။

မြောက်ပိုင်းဒေသများ၌ မိုးထစ်ချုန်းရွာဖွယ်ရှိ

နေပြည်တော် မေ ၁၅

__ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ__ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)နှင့် မန္တလေးတိုင်း တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၅ ဒီဂရီစင်တီဂရိတ်အထိနှင့် ကျန်ဒေသများတွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင် တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ် အထိပိုခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျိုက္ခမီမြို့တွင် ၀ ဒသမ ၅၅ လက်မ၊ လားရှိုးမြို့တွင် ၀ ဒသမ ၅၁ လက်မ၊ ပေါင်မြို့တွင် ၀ ဒသမ ၃၉ လက်မ၊ ပူတာအိုမြို့တွင် ၀ ဒသမ ၂၄ လက်မနှင့် တောင်ကြီးမြို့တွင် ၀ ဒသမ ၂၀ လက်မတို့ဖြစ်ကြသည်။

__ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ__ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

__မေ ၁၆ရက် ညနေအထိ ခန့်မှန်းချက်မှာ__ ကချင်ပြည်နယ်နှင့် ချင်းပြည် နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်း တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့် အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

__မြန်မာ့ပင်လယ်ပြင်တွင်__ လှိုင်းအသင့်အတင့်ရှိမည်။

__နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ__ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

__နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်__ ယနေ့ မွန်းလွဲ၊ ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

__ရန်ကုန်မြို့နှင့်မန္တလေးမြို့အနီးတစ်ဝိုက်တွင်__ ယနေ့ မွန်းလွဲ၊ ညနေပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ထူးခြားသည့် နေ့အပူချိန်များ

(၁၅-၅-၂၀၁၀)

မြင်းမူမြို့
၄၇ ဒသမ ၂ ဒီဂရီစင်တီဂရိတ်
ချောက်မြို့
၄၅ ဒသမ ၈ ဒီဂရီစင်တီဂရိတ်
မကွေးမြို့
၄၅ ဒသမ ၅ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့
၄၅ ဒသမ ၅ ဒီဂရီစင်တီဂရိတ်
မုံရွာမြို့
၄၅ ဒသမ ၁ ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့
၄၄ ဒသမ ၇ ဒီဂရီစင်တီဂရိတ်
မန္တလေးမြို့
၄၄ ဒသမ ၆ ဒီဂရီစင်တီဂရိတ်

မြန်မာ့အလင်း အက်ဖ်အေဖလား ဖောင်ပိတ်သတင်း

ချယ်လ်ဆီးတို့ အက်ဖ်အေဖလားဆွတ်ခူး ဂျွန်ကာရူး ဂိုးအများဆုံး သွင်းသူဖြစ်ခဲ့

မောင်ချစ်ကြည် - ရေးသားသည်

လန်ဒန် မေ ၁၅

၂၀၀၉-၂၀၁၀ ဘောလုံးရာသီ၏ အက်ဖ်အေဖလား ဗိုလ်လုပွဲကို လန်ဒန်မြို့ ဝင်ဘလေကွင်း၌ မေ ၁၅ ရက်က ချယ်လ်ဆီးနှင့် ပို့စ်မောက်တို့ယှဉ်ပြိုင်ကစားရာ ချယ်လ်ဆီးတို့ ဂိုးပြတ်မသွင်းနိုင်ဘဲ တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရပြီး ယခုနှစ် ဘောလုံးရာသီ၏ ဒုတိယမြောက်ဖလား ဖြစ်သည့် အက်ဖ်အေဖလားကို ကိုင်မြှောက် အောင်ပွဲခံနိုင်ခဲ့ပြီ ဖြစ်သည်။

ပွဲထွက်

ချယ်လ်ဆီးသည် အက်ဖ်အေဖလားဆွတ်ခူးနိုင်ရေးအတွက် အဓိကဘောလုံးသမားများကို အကုန်ထုတ်သုံးခဲ့သည်။ ဒရော့ဘာ၊ အနယ်လ်ကာနှင့် ကာလူးတို့ သုံးဦးကို တိုက်စစ်တွင်ထားရှိကာ ဘောလက်၊ မာလူဒါ၊ လမ်းပတ်တို့ကို ကွင်းလယ်၌ထားပြီး ၄း၃း၃ အခင်းအကျင်းဖြင့် ပွဲထွက်ခဲ့သည်။ ပို့စ်မောက်တို့ကလည်း ဒင်ဒိန်းကိုတိုက်စစ်တွင်ထားကာ ဘိုရာတန်၊ အိုဟာရာ၊ မိုကိုနာနှင့် ဘရောင်းတို့ကို ကွင်းလယ်တွင်အထိုင်ချကာ ၂း၆း၂ ဗျူဟာဖြင့် ချယ်လ်ဆီးကို ရင်ဆိုင်ခဲ့သည်။

ခံကစား

ပို့စ်မောက်တို့က မာမာတင်းတင်း ခံကစားမှုကြောင့် ချယ်လ်ဆီးတို့ အပေါ်စီးမှ မကစားနိုင်ခဲ့သော်လည်း ဂိုးသွင်းခွင့် အခွင့်အရေးကောင်းများရရှိခဲ့သည်။ ပို့စ်မောက်တို့က ချယ်လ်ဆီး၏ တိုက်စစ်ကိုဟန့်တားရင်း တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့ရသည်။ ချယ်လ်ဆီးက ၄၄ မိနစ်တွင် ဘောလက်အစား ဘယ်လက်တီကို အစားထိုး ကစားစေခဲ့သည်။

ချယ်လ်ဆီးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒရော့ဘာ (လယ်) **ဤသို့ အလွတ်တည်ကန်ဘောမှတစ်ဆင့် သွင်းယူခဲ့သည်။**

ပယ်နယ်တီ

ပထမပိုင်းပွဲချိန်အတွင်း ချယ်လ်ဆီး တိုက်စစ်မှူးများနှင့် ကွင်းလယ်ကစားသမားများဖြစ်သည့် ဒရော့ဘာ၊ အနယ်လ်ကာ၊ ကာလူးနှင့်လမ်းပတ်တို့၏ ကန်သွင်းချက်များကို ပို့စ်မောက်ဂိုးသမား ဒေးဗစ်ဂျိမ်းကာကွယ်နိုင်ခဲ့သဖြင့် ပထမပိုင်း နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ချေ။ သို့သော် ၅၆ မိနစ်၌ ပို့စ်မောက်တို့ပယ်နယ်တီ ပြစ်ဒဏ်ဘောရရှိခဲ့သည်။ ယင်းပယ်နယ်တီပြစ်ဒဏ်ဘောကို ပို့စ်မောက်ကွင်းလယ်ကစားသမား ဘိုရာတန်ကန်သွင်းခဲ့သော်လည်း ချယ်လ်ဆီး ဂိုးသမား ပီတာချက်ခြေထောက်နှင့်ထိပြီး မဝင်ခဲ့သဖြင့် အဖိုးတန် အခွင့်အရေး ဆုံးရှုံးခဲ့ရသည်။

ဂိုးသွင်း

၅၉ မိနစ်တွင် ချယ်လ်ဆီးတို့ အလွတ်တည်ကန်ဘောရရှိရာ ဒရော့ဘာက ကန်သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ အဖွင့်ဂိုးရရှိသွားခဲ့သည်။ ချေပဂိုးရရှိရေးအတွက် ပို့စ်မောက်တို့ ဘိုရာတန်အစား အူတာကာ၊ ကနူးတို့ဝင်ရောက်ကစားသော်လည်း ပွဲရလဒ် မပြောင်းနိုင်ခဲ့ချေ။ ချယ်လ်ဆီးတို့ အပိုင်ဂိုးသွင်းခွင့် (၁၀)ကြိမ်ရရှိခဲ့သော်လည်း ပို့စ်မောက်ဂိုးသမား ဒေးဗစ်ဂျိမ်းစ် လေးကြိမ် ကာကွယ်နိုင်ခဲ့ပြီး ကျန်သည့်ကန်သွင်းချက်များ လွဲချော်ခဲ့ရသည်။ ထို့အတူ မိနစ် ၉၀ ၌ ချယ်လ်ဆီးတို့ ပယ်နယ်တီ ရရှိခဲ့သော်လည်း လမ်းပတ်က ဂိုးဝင်အောင် မသွင်းနိုင်သဖြင့် ရလဒ်မပြောင်းနိုင်ခဲ့ချေ။

ပွဲချိန် မိနစ် ၉၀ ပြည့်သည်အထိ နှစ်သင်းစလုံးဂိုးမသွင်းနိုင်ခဲ့သဖြင့် ချယ်လ်ဆီးတို့ တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး အက်ဖ်အေဖလားကို ပိုင်ပိုင်နိုင်နိုင်ကိုင်မြှောက်ကာ အောင်ပွဲခံနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ် အက်ဖ်အေဖလားပွဲစဉ်ပြီးဆုံးသည်အထိ ဂိုးအများဆုံး သွင်းယူနိုင်သူမှာ ဗီလာတိုက်စစ်မှူး ဂျွန်ကာရူးဖြစ်ပြီး စုစုပေါင်း ခြောက်ဂိုးသွင်းယူနိုင်ခဲ့သည်။ ။

(အင်တာနက်)

ချယ်လ်ဆီး ဘောလုံးသမားများ အက်ဖ်အေဖလားကို ဤသို့ ကိုင်မြှောက် အောင်ပွဲခံခဲ့သည်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ တိုက် (အက်ဖ်)၊ အခန်း (၃၀၁)၊ ပုလဲကွန်ဒိုမီနီယံ၊ ကမ္ဘာအေးဘုရားလမ်းတွင် ပါတီရုံးချုပ်တည်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန်လျှောက်ထားချက်အရ ယင်းပါတီကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကိုဖော်ပြပြီး အများပြည်သူကန့်ကွက်နိုင်ကြောင်း ၁-၅-၂၀၁၀ ရက်နေ့ သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ ယင်းပါတီကအသုံးပြုမည့် အလံနှင့်တံဆိပ်တို့အား ကန့်ကွက်ခြင်းခံရ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ရာတွင် ယင်းအလံနှင့် တံဆိပ်တို့ကို အသုံးပြုရန်မသင့်လျော်ကြောင်းတွေ့ရှိရသဖြင့် သက်ဆိုင်ရာပါတီကို ခေါ်ယူတွေ့ဆုံ၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီအလံနှင့် တံဆိပ်တို့ကို ပြင်ဆင်စေခဲ့ပါသည်။

၃။ သို့ပါ၍ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS က ပြင်ဆင်တင်ပြလာသည့် ယခုဖော်ပြပါ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS ၏ အလံပုံစံ



ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS ၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ မြိုင်သာယာရပ်၊ အထက (၁၂)အနီး၊ မြေကွက် အမှတ် (၇)၊ လမ်း (၂၀)၊ ဦးပိုင်အမှတ် (ခ/၂၃)တွင် ပါတီရုံးချုပ်တည်ရှိသော မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၄-၅-၂၀၁၀ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကိုကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ၏ အလံပုံစံ



မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်း ရေဖြန့်ဝေမှု ဒုတိယမြို့တော်ဝန် ဦးမောင်ပါ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်ပါသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ ကျောင်းတိုက်ပေါင်း ၁၆ ကျောင်းအတွက် ၂၀လီတာဝင်သောက်ရေသန့်ဘူးကြီး၁၅၀နှင့် မြို့နယ်ပြည်သူ့ဆေးရုံအတွက် သောက်ရေသန့်ဘူးကြီး ၅၀ ကိုလည်းကောင်း၊ ငွေကျပ် ၁၀သိန်းတန်ဖိုးရှိ ရေစုပ်စက် နှစ်လုံးနှင့်ပိုက်များ၊ ပိုက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း မြို့နယ်မှ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယမြို့တော်ဝန်သည် ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်း ရေပေးရေးစုရပ်များ၌ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ နေ့စဉ်ပုံမှန်ရေဖြန့်ဝေပေးနေမှုကို လည်းကောင်း၊ ရေကန်များအား ပြန်လည်တူးဖော်မွမ်းမံ၍ မြစ်ရေတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း ရေဂါလန် ၁၀သန်းဆံ့ အောင်မင်္ဂလာကန် (အမှတ်-၃) သောက်ရေကန်တူးဖော်ခြင်းလုပ်ငန်းခွင်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထို့နောက် ဒုတိယမြို့တော်ဝန်သည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အသီးသီးမှ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ဖြန့်ဖြူးပေး

ဆိပ်ကြီးခနောင်တို မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ ရေဂါလန် ၃၀၀၀ဆံ့ စက်သမ္ဗန်လေးစင်းဖြင့် တစ်နေ့လျှင်ခြောက်ခေါက် ရေဂါလန် ၁၈၀၀၀ကို နေ့စဉ် ဖြန့်ဖြူးပေးလျက်ရှိပြီး ရေသယ်ယာဉ်များဖြင့်လည်း ရေပေးရေးစုရပ်များသို့ လုံလောက်စွာ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ် စိုက်ပျိုး အလှတိုး

Junction Centre (Maw Tin)နှင့် အဆင့်မြင့် Cineplex ရုပ်ရှင်ရုံ ဖွင့်လှစ်ပြသသွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ စာနယ်ဇင်းမိတ်ဆက်ပွဲကျင်းပ

နေပြည်တော် မေ ၁၅

Shwe Taung Development Company Limited က နေပြည်တော်ရှိ Junction Centre နှင့် ယင်း၌ဖွင့်လှစ်ပြသနေသည့် Junction Mini Theatre (Nay Pyi Taw) ရုပ်ရှင်ရုံကဲ့သို့ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အနော်ရထာလမ်းနှင့် လမ်းသစ်လမ်းထောင့်၌ ယင်းတို့တည်ဆောက်နေသည့် Junction Centre (Maw Tin)နှင့် ယင်း၌ အဆင့်မြင့် Cineplex ရုပ်ရှင်ရုံ နှစ်ရုံကိုပါ ဖွင့်လှစ်ပြသသွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ စာနယ်ဇင်းမိတ်ဆက်ပွဲအခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ Junction Mini Theatre (Nay Pyi Taw) ရုပ်ရှင်ရုံ ဧည့်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ စာနယ်ဇင်းမိတ်ဆက်ပွဲသို့ Shwe Taung Development Company Limitedမှ ဈေးကွက်ဒါရိုက်တာ Mr. Sonny Boney နှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ မဂ္ဂဇင်းနှင့် ဂျာနယ်များမှ စာတည်းအဖွဲ့ဝင်များနှင့် သတင်းထောက်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဈေးကွက်ဒါရိုက်တာ Mr. Sonny Boney က ရန်ကုန်မြို့၌ Junction Centre (Maw Tin)နှင့် ယင်းအဆောက်အအုံ၌ အဆင့်မြင့် Cineplex ရုပ်ရှင်ရုံနှစ်ရုံ ဖွင့်လှစ်ပြသသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စာနယ်ဇင်းများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

ဧည့်ခံပြသ

ထို့နောက် စာနယ်ဇင်းမိတ်ဆက်ပွဲသို့ တက်ရောက်လာကြသူများအား Junction Mini Theatre (Nay Pyi Taw)ရုပ်ရှင်ရုံ၌ ရုပ်ရှင် ဇာတ်ကားများဖြင့် ဧည့်ခံပြသသည်။

ယခု တည်ဆောက်လျက်ရှိသည့် Junction Centre (Maw Tin) သည် လေးထပ်အဆောက်အအုံဖြစ်ပြီး အဆိုပါ Junction Centre တွင် နိုင်ငံတကာအဆင့်မီ အဝတ်အစားအမျိုးမျိုး၊ အလှကုန်၊ ရေမွှေးအမျိုးမျိုး၊ လူငယ်ဝတ်ဖက်ရှင် ဒီဇိုင်းအမျိုးမျိုး ရောင်းချမည့်ဆိုင်ခန်းများ၊ စားသောက်ဆိုင်များ၊ အဆင့်မြင့် ခေတ်မီကလေးကစားကွင်းနှင့် Promotion ပြုလုပ်ရန်နေရာတို့ ပါဝင်မည်ဖြစ်သည်။

ထို့ပြင် အဆိုပါ Junction Centre လေးထပ်တွင် ရန်ကုန်မြို့၌ ပထမဆုံးဖြစ်သော ပရိသတ် ၂၀၀ဆံ့ ရုပ်ရှင်ရုံ နှစ်ရုံ ပါဝင်မည်ဖြစ်ပြီး Junction Cineplex ဟု အမည်ပေးထားကာ အဆိုပါ Junction Centre (Maw Tin) ကို ၂၀၁၀ခုနှစ် ဇူလိုင်လအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဖွင့်လှစ်မည်

Junction Centre (Nay Pyi Taw) တွင်လည်း ၂၀၁၁ ခုနှစ် မေလတွင် ဆိုင်ခန်းပေါင်း ၄၇ ခန်းပါဝင်မည့် Shopping Centre ကိုလည်း ယင်းအဆောက်အအုံ၏ ဝင်းအတွင်း တည်ဆောက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မိုးမိတ်စည်ပင်သာယာ ရေပေးရေးလုပ်ငန်းဆောင်ရွက်

မိုးမိတ် မေ ၁၅

ပူပြင်းခြောက်သွေ့သည့်ကာလတွင် သောက်သုံးရေရှားပါးပြတ်လပ်မှု မရှိစေရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့ ဟော်နန်းရပ်ကွက်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တူးဖော်ပေးထားသည့် အများသုံးရေတိုင်ကင်တွင်းများနှင့် ပုဂ္ဂလိကရေတိုင်ကင်တွင်းများမှ ရေထွက်ရှိမှုနှင့် အများပြည်သူ လုံလောက်စွာရေသုံးစွဲစေရေးအတွက် ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ **(မြို့နယ်စည်ပင်)**

ခြင်ဆေးခွေသုံးလျှင် အနီးတွင် လောင်စာပစ္စည်း မထားနှင့်

ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူ မြောက်မြားစွာကို မွေးထုတ်ပေးခဲ့သည့်

အောင်ချမ်းမြေ

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

သင်တန်းအပ်လက်ခံရာနေရာ - အမှတ်(၂၄၉)၊ ပထမထပ်၊ ဗားကရာလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

(မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်နှင့် ကပ်လျက်)

ဖုန်း-၅၀၄၇၅၀၊ ၅၁၆၈၉၆၊ (Open 6:00 am to 9:00 pm) ပိတ်ရက်မရှိပါ။

- ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ သူနာပြုအုပ်(အငြိမ်းစား)များ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သောသူနာပြုအကူဖြစ်စေရန် ပြည့်စုံလုံလောက်သော သင်ရိုးညွှန်းတမ်းစာအုပ်ထုတ်ပေး၍ သင်ကြားမည်။ ဆေးဆိုင်များတွင် လက်တွေ့ဆင်းခြင်း၊ ဆေးခန်းများတွင် လက်တွေ့ဆင်းခြင်းများ ပြုလုပ်ပေးမည်။
- ပြည်တွင်းပြည်ပ အလုပ်အကိုင်ရရှိရန် ကူညီမည်။ ပြည်တွင်းပြည်ပ အသုံးပြုနိုင်သော သင်တန်းဆင်းအောင်လက်မှတ်ထုတ်ပေးမည်။
- ကိုယ်ပိုင်မီးစက်ဖြင့်အေးမြသန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိသည်။
- တန်းခွဲသစ်တစ်ခုလျှင် လူ၂၀သာ သတ်မှတ်ထားသည်။ တယ်လီဖုန်းဖြင့်ကြိုတင်စာရင်းသွင်းထားနိုင်ပါသည်။

"အောင်"ပြီး**"ချမ်းမြေ့"**မှုတွေရရှိရန် **"အောင်ချမ်းမြေ့"**ကိုလာခဲ့ပါ။

တစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်ငါးရက်သင်)

အပတ်စဉ်(၁၂၀၀)	၂၄-၅-၂၀၁၀ရက်စမည်။	(စနေနှင့် တနင်္ဂနွေနားရက်)
အပတ်စဉ်(၁၂၀၁)	၂၆-၅-၂၀၁၀ရက်စမည်။	(တနင်္လာနှင့် အင်္ဂါနားရက်)
အပတ်စဉ်(၁၂၀၂)	၂၈-၅-၂၀၁၀ရက်စမည်။	(ဗုဒ္ဓဟူးနှင့် ကြာသပတေးနားရက်)

နှစ်လပြတ်အထူးသင်တန်းများ (တစ်ပတ်နှစ်ရက်သင်)

အပတ်စဉ်(၁၂၀၃)	၂၅-၅-၂၀၁၀ရက်စမည်။	(အင်္ဂါနှင့် ဗုဒ္ဓဟူးသင်)
အပတ်စဉ်(၁၂၀၄)	၂၇-၅-၂၀၁၀ရက်စမည်။	(ကြာသပတေးနှင့် သောကြာသင်)
အပတ်စဉ်(၁၂၀၅)	၂၉-၅-၂၀၁၀ရက်စမည်။	(စနေနှင့် တနင်္ဂနွေသင်)

သုံးလပြတ်အထူးသင်တန်းများ (တစ်ပတ်တစ်ရက်သင်)

အပတ်စဉ်(၁၂၀၆)	၂၉-၅-၂၀၁၀ရက်စမည်။	(စနေတစ်ရက်တည်းသာ)
အပတ်စဉ်(၁၂၀၇)	၃၀-၅-၂၀၁၀ရက်စမည်။	(တနင်္ဂနွေတစ်ရက်တည်းသာ)

အထက်ဖော်ပြပါ လပြတ်သင်တန်းများအတွက် အချိန်ဇယား(နှစ်သက်သည့်အချိန်သာသင်ရန်)

နံနက်ပိုင်း	(I)	6:30 am to 8:30 am
နံနက်ပိုင်း	(II)	9:00 am to 12:00 am
မွန်းလွဲပိုင်း	(III)	1:30 pm to 4:30 pm
ညနေပိုင်း	(IV)	5:00 pm to 7:00 pm
ညနေပိုင်း	(V)	6:00 pm to 8:00 pm

လေးလအထူးသင်တန်း (နိုင်ငံတကာအဆင့်မီ Diploma သင်တန်း)

အပတ်စဉ်(၁၂၀၈) ၁-၆-၂၀၁၀ရက်စမည်။ (တစ်ပတ်လေးရက်သင်)
9:00 am to 4:30 pm (အင်္ဂါမှသောကြာ နေ့စဉ်)

မှတ်ချက်။ ။ အထက်ပါလိပ်စာမှလွဲ၍ မည်သည့်နေရာတွင်မျှသင်တန်းခွဲမရှိပါ။

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်ကိုထွေး၏ နိုင်ငံကူးလက်မှတ် A-050515 သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၇၂၃၄၈၃။**



ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အေးမြကြည်လင်ဈေးအတွင်း ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အခွင့်အရေးလိုင်စင်ဆွဲဝယ်ရရှိသူများမှာ သတ်မှတ်နှုန်းထားများအတိုင်း ကောက်ခံရောင်းချခြင်း ရှိ မရှိနှင့် နှုန်းထားဆိုင်းဘုတ်စိုက်ထူထားခြင်းရှိ မရှိကို မေ ၄ရက်က ဒုတိယဦးစီးမှူး (ဈေး)နှင့် ဈေးတာဝန်ခံတို့က ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မြစ်ရေတင်ရေပေးဝေ

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြစ်ရေတင်ရေပေးဝေမှု အခြေအနေကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းက ရေပေးဝေမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ပခုက္ကူမြို့နယ် အမှတ်(၉)အမက အာစရိယပူဇော်

ပခုက္ကူ မေ ၃

ပခုက္ကူမြို့ အမှတ် (၁၅)ရပ်ကွက် (မြစ်ကိုင်း) အမှတ် (၉) အခြေခံပညာမူလတန်းကျောင်းသား ကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျောင်းခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် အသက်ကြီးဆုံး ဆရာမကြီး ဒေါ်ကြင်ဆိုင်အား ကျောင်းသားဟောင်း ဦးသိန်းထွန်းက ကန်တော့ပွဲပေးအပ်ပူဇော်ကန်တော့ပြီး ဆရာမကြီးက ဩဝါဒဆုမွန် ချီးမြှင့်သည်။ ထို့နောက် ကျောင်းသား ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများက ဆရာ ဆရာမကြီးများအား ကန်တော့ချီးဖြင့် ကန်တော့ကြပြီး ကျောင်းသူကလေးများ၏ ကဟန်စုံညီ ပူဇော်မည်ဖြင့် ကပြသီဆို ပူဇော်ကြသည်။

(၀၇၀)

မြို့နယ် သတင်း ထွေထွေ

တာချီလိတ်တွင် နွေစပါး ရိတ်သိမ်းခြွေလှေ့

တာချီလိတ် မေ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် နွေစပါးရိတ်သိမ်းပွဲကို မေ ၄ရက် နံနက် ၉နာရီက တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဝမ်ဆောက်ခုံရွာသစ် ကွင်းအမှတ် (၁၁၂) တောင်သူ ဦးကျော်ထွန်း၏ ၄ ဒသမ ၇၉ဧက အကျယ်အဝန်းရှိ လယ်မြေ၌ကျင်းပရာ စုပေါင်းစပါးရိတ်သိမ်း ခြွေလှေ့မှုများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ထူးမောင်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးရဲရင့်ထွဋ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

ထွက်ရှိ

အဆိုပါလယ်မြေတွင် ဆင်းဧကရီ (၃) စပါးမျိုးကို စိုက်ပျိုးခဲ့ရာ တစ်ဧကစပါး ၉၆ ဒသမ ၃၃တင်းနှုန်း ထွက်ရှိကြောင်းသိရသည်။

(၀၁၆)

ရေစကြိုမြို့၌ အခွန်ဆိုင်ရာ ပညာပေးဆွေးနွေး

ရေစကြို ဧပြီ ၂၉

မကွေးတိုင်း ရေစကြိုမြို့နယ်အတွင်း အခွန်ပေးဆောင်၍ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပြီး ပြည်ပမှတင်သွင်းသည့် အရက်၊ ဘီယာ၊ ဝိုင်၊ စီးကရက်နှင့် သောက်ရေသန့်များ တရားဝင်ရောင်းချရေးလုပ်ငန်း စီမံချက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဆွေးနွေးပွဲကို မတ် ၁၂ရက်က ရေစကြိုမြို့ အခွန်ဦးစီးမှူး ရုံးခန်းမဆောင်၌ ကျင်းပရာ မြို့နယ် အခွန်ဦးစီးမှူး ဦးကျော်သူနှင့် အကောက်ခွန်ဦးစီးဌာနမှ ဒုတိယအကောက်ခွန်မှူး ဦးတင်မောင်လင်းတို့က ရှင်းလင်းဆွေးနွေးကြသည်။

(၀၆၉)

ယာဉ်နှင့်ယာဉ်မောင်းလိုင်စင် ရှောင်တခင်စစ်ဆေး

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)မှ ပြည်နယ်ဦးစီးမှူး ဦးမိုးမြင့် ဒုတိယညွှန်ကြားရေးမှူးဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း)ပါဝင်သော ပူးပေါင်းအဖွဲ့ မေ ၆ရက်က အတ္တရံတံတား(မော်လမြိုင်)ရှိ ဟသာအဝိုင်းအနီးတွင် ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များအား ရှောင်တခင်စစ်ဆေးမှုပြုလုပ်စဉ်။

(ပြည်နယ်/ကညန)

သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်

ကန့်ဘလူ မေ ၈

ကန့်ဘလူမြို့နယ် ခုတင်(၁၀၀) ပြည်သူ့ဆေးရုံကြီး သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို နယ်မြေခံတပ်နယ်မှ တပ်မတော်သားများ၊ ဌာနပေါင်းစုံမှ ဝန်ထမ်းများနှင့် ဒေသခံများ စုစုပေါင်းအင်အား ၂၅၀ကျော်တို့သည် ပြင်ပလူနာဌာန ဖျားနာဆောင်နှင့် ခွဲစိတ်၊ အရိုးအကြောကုသဆောင်၊ မီးယပ်နှင့် သားဖွားကုသဆောင်နှင့် ကလေးကုသဆောင်တို့၌ မတ် ၂၇ရက်က သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြသည်။

အားပေးကူညီ

သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ရာသို့ နယ်မြေခံတပ်နယ်မှ တပ်မှူးဒုတိယဗိုလ်မှူးကြီးမျိုးဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေမျိုးခိုင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာတင်ဌေးနှင့်အဖွဲ့ သွားရောက်အားပေးကူညီ ဆောင်ရွက်ကြသည်။

(၀၂၇)

မီးဘေး ကြိုတင်ကာကွယ်ရေး နေပြည်တော်တပ်ကုန်း၌ ကွင်းဆင်းပညာပေး

နေပြည်တော် မေ ၁၅

နေပြည်တော်တပ်ကုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် နေပြည်တော်တပ်ကုန်းမြို့ အောင်ဇေယျရပ်ကွက်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝေနှင့် တပ်ဖွဲ့ဝင်များ၊ အောင်ဇေယျရပ်ကွက်ဥက္ကဋ္ဌ ဦးစောမင်းတို့ မေ ၇ရက် မွန်းလွဲပိုင်းက အောင်ဇေယျရပ်ကွက်အတွင်း မီးချိတ်၊ မီးကပ်၊ သဲ၊ ရေများ စစ်ဆေးခြင်း၊ မီးဖြင့် ချက်ပြုတ် ရောင်းချသူ၊ မီးအသုံးပြုသူများအား စစ်ဆေးအသိပညာပေး ဆောင်ရွက်ခြင်းတို့ကို တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးကြသည်။

(အပေါ်ပုံ) (၀၉၁)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ် ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှု များပြားသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင်ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးဝန်ကြီးဌာနက အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များထုတ်ပြန်၍ မီဒီယာများမှတစ်ဆင့် သတိပေးနှိုးဆော်လျက်ရှိသော်လည်း အချို့မှာ အလေးထားလိုက်နာမှု မရှိသည့်အတွက် မလိုလားအပ်ဘဲ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်များကို ပြည်သူများအနေဖြင့် အတိအကျ လိုက်နာဆောင်ရွက်သွားကြရန် ထပ်ဆင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၁၀သိန်းမတည်၍ မုံရွာမြို့နေ အလှူရှင် ဦးသန်းလှ-ဒေါ်ထက်ထက်မိသားစုတို့၏ ထည့်ဝင်လှူဒါန်းငွေဖြင့် ဆောက်လုပ်သော မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ပေါင်းဝကျေးရွာ ပညာစုံအိမ်စာကြည့်တိုက် အဆောက်အအုံသစ်ကို မတ် ၂၇ရက်က တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တည်ဆောက်ခြင်းသည် အသိပညာဗဟုသုတ မြင့်မားရေးအတွက်သာမဟုတ်ဘဲ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက်လည်း အရေးကြီးသည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်

ပြည်သူအများစုရှိသည့် ကျေးလက်များ ရပ်ပိုင်း၊ စိတ်ပိုင်းအရ ပိုမိုတိုးတက်လာအောင် အထောက်အကူပြုမည့် စာကြည့်တိုက်များ ရေရှည်တည်တံ့နိုင်ရန် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း ဖွဲ့စည်းတည်ထောင်ဖွင့်လှစ်

ရန်ကုန် မေ ၁၅

ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း (Rural Library Foundation) ဖွဲ့စည်းတည်ထောင်ဖွင့်လှစ်ခြင်းနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာနအဆောက်အအုံ (IBC) ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်အားပေးချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

စာမျက်နှာ ၆ ကော်လံ ၁ ❐

16-5 (20).pmd 1 5/16/2010, 2:41 AM